# မိုးပေါ်မှာ ကြယ်တလုံး

မင်းသုဝဏ်



# မိုးပေါ်မှာ ကြယ်တလုံး

(နှစ်လုံးပေါက် နက္ခတ်ကြည့်နည်း)

မင်းသုဝဏ်

အဖုံးပန်းချီ မောင်စိန်

စာပေဗိမာန်ထုတ် ပြည်သူ့ထက်ဘွဲ့စာစဉ်

ပထမအကြိမ်ပုံနှိပ်ခြင်း
၁၉၇၄ ခု၊ ဇန္နဝါရီလ၊ အုပ်ရေ ၂၅,၀၀၀
ဒုတိယအကြိမ်ဖြည့်စွက်ပုံနှိပ်ခြင်း၊ ၁၉၈၁ ခု၊ ဒီဇင်ဘာလ အုပ်ရေ ၃၀၀၀

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်အဖွဲ့၊ တွဲဘက်ညွှန်ကြားရေးမှူး
ဒေါ်အုန်းကြည်က (မှတ်ပုံတင်အမှတ် ၀၂၈၁၉) ဖြင့် စာပေဗိမာန်ပုံနှိပ်တိုက်တွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၀၃၀၂၅) ဖြင့် ထုတ်ဝေသည်။

# မိုးပေါ်မှာ ကြယ်တလုံး

(နှစ်လုံးပေါက် နက္ခတ်ကြည့်နည်း)

## စကားချီး

**မိုးပေါ်မှာ ကြယ်တလုံး**
**တိမ်ဖုံးပါလို့ လမသာ**
**သာတော့အခါ သာပါလိမ့်မယ်**
**နတ်ဒေဝါ သူမန်ဆင်းတယ်**
**ဖိုးရွှေလမင်း။**

လူကလေး လုံမကလေးတို့သည် အထက်ပါကဗျာကို အများအားဖြင့် နှုတ်တက်ရကြလိမ့်မည်ထင်ပါသည်။ မကြာခဏလည်း ဆိုမိကြလိမ့်မည် ထင်ပါသည်။ တခါတခါ ဤကဗျာကိုဆိုယင်း ညဥ့်ကောင်းကင်တွင် မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေးများကို ကြည့်မိကောင်း ကြည့်မိကြလိမ့်မည်ထင်ပါသည်။ သို့သော်လည်း မည်သည့်ကြယ် မည်သည့်ကြယ်စုသည် မည်သည့်အမည်ဖြင့် ထင်ရှားသည်ကို သိကောင်းမှ သိကြပေမည်။ သိကြရလျှင် မကောင်းပေဘူးလား။ ကျောင်းသားပွဲတော်တွင် မိမိ မသိသော သူများအကြား၌ တိုးဝှေ့သွားလာနေရခြင်းနှင့် ကျောင်းဝင်းထဲတွင် မိမိသိသော သူငယ်ချင်းများ အကြား၌ ရင်းရင်းနှီးနှီး ခေါ်ဝေါ် ပြောဆိုနေရခြင်းတို့တွင် မည်သည့် နေရခြင်းက ပိုမိုနှစ်သက်ဖွယ် ကောင်းပါမည်လဲ။ အကယ်၍ ဤကြယ်၏ အမည်ကား ဤသို့၊ ဤကြယ်စု၏ အမည်ကား ဤသို့ စသည်ဖြင့် သူတို့၏ အဖြစ်သနစ်ကို သိရပြီးလျှင် သူတို့နှင့် မိတ်ဆွေ ဖြစ်နေရပါက မကောင်းပေဘူးလား။ ထိုအခါ ညဥ့်ကောင်းကင်ကို မော့ကြည့်ရခြင်းတွင် အနက်အဓိပ္ပာယ် ဝင်လာပေလိမ့်မည် ထင်ပါသည်။

ကြယ်များအကြောင်းကို သတိပြုလေ့လာသင့်သည်ဟု မြတ်စွာဘုရားက တောနေရဟန်းတို့ကို ညွှန်ကြားခဲ့ဖူးသည်။ လူသူမနီး တောကြီးမျက်မည်းတွင် တောရဆောက်တည်နေရသော ရဟန်းတော်များသည် တောနက်ထဲ၌ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဟူသော အရပ်မျက်နှာတို့ကို မမှန်းဆနိုင်သောကြောင့် မျက်စိလည် လမ်းမှားနိုင်သည်။ ထိုအခါ ညဥ့်အချိန်ကို စောင့်၍ ကောင်းကင်ကြယ်တို့ကို လေ့လာပြီးလျှင် အရပ်မျက်နှာကိုရှာကာ လိုရာသို့ ရောက်အောင် သွားကြရသည်။ ယခုခေတ်တိုင်အောင်လည်း ရေကြောင်း၊ လေကြောင်း၊ ကြည်းကြောင်း ခရီးသည်တို့သည် အရပ်မျက်နှာကိုရှာနိုင်ရန် ကြယ်များကို လေ့လာကြရသည်။



ထို့ကြောင့် ရှေးခေါ်အခါက မြန်မာတို့သည် ကြယ်အမျိုးမျိုးနှင့် ပြည့်လျှက်ရှိသော ကောင်းကင်ရုပ်ပုံကို ဘုရားတန်ဆောင်း ကျောင်းနှင့် ဇရပ်တို့၏ အမိုးမျက်နှာကြက်တို့တွင် ပန်းချီရေးခြယ်ထားလေ့ ရှိကြသည်။ ပေ၊ ပုရပိုက်တို့တွင်လည်း အမျိုးမျိုး ရေးခြယ် မှတ်တမ်းတင်လေ့ရှိကြသည်။

မည်သို့ပင် ဖြစ်စေ ကြယ်တို့၏ အကြောင်းကို သိထားလျှင် ပျော်ရွှင် စိတ်ဝင်စားဖွယ်ကောင်းသည်ကို သိလာပါလိမ့်မည်။ ထိုကြယ်တို့ကို မိမိတို့၏ အပေါင်းအဖော်များဟု မှတ်ထင်လာကာ တောနက်ထဲတွင် စတည်းချနေရလင့်ကစား၊ကွင်းပြင်ကျယ်တွင် လှည့်လည်နေရလင့်ကစား၊ ပင်လယ်ကြောတွင်လွင့်မျောနေရလင့်ကစား ငါတယောက်တည်းပါကလားဟု စိတ်အား မငယ်နိုင်။ ကိုယ့်ရပ်ကိုယ့်ရွာတွင်ကဲ့သို့ပင် ဤအပေါင်းအဖော်ကြယ်များသည် မိမိအပါးမှာရှိနေကြပါတကားဟု အသိဝင်ကာ စိတ်အားတက်ပါလိမ့်မည်။ ထို့ကြောင့် လူကလေး လုံမကလေးတို့ကို ဤကြယ်တို့နှင့် မိတ်ဖွဲ့ပေးချင်သဖြင့် ဤစာအုပ်ကို တတ်စွမ်းသမျှ ကြိုးစားရေးသားပါသည်။ထို့နောက်တွင်ကား ဤစာအုပ်ထက် ကောင်းမွန် မှန်ကန် ကျယ်ပြန့်သော နက္ခတ်ကျမ်းများကို ရှာဖွေ လေ့လာကြပါဘိ။

ဤစာအုပ်ကို ဝါသနာအလျောက် ရေးသားရာတွင် စိတ်ချရလေအောင် ချဉ်းကပ်တောင်းပန်သဖြင့် ရေတပ် တိုင်းတာရေးတပ်၊ တပ်မှူး ဒုဗိုလ်မှူးကြီး ခင်မောင်မြင့်က နက္ခတ်တာရာများ၏ တည်နေရာ အခြေအနေ အရပ်ရပ်ကို တွက်ချက်စစ်ဆေး တည်းဖြတ်ပေးပါသည်။ ယင်းတပ် တပ်ကြပ်တင်ထွန်း (ကိုယ်ပိုင်အမှတ် ၁၄၀၃၁)က တပ်မှူး၏ညွှန်ပြချက်ကို ခံယူ၍ နက္ခတ်တာရာတို့၏ ပုံစံများကို စနစ်တကျ ရေးဆွဲပေးပါသည်။ ဤကောင်းမှုတို့ကြောင့် ယင်းပုဂ္ဂိုလ်နှစ်ဦးအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကြယ်တို့၏ အလင်းရောင်နှုန်း အကြီးအငယ်ကိုလိုက်၍ ကြယ်ပုံတို့ကို အကြီးအငယ်ခွဲခြားကာ ရေးဆွဲထားပါသည်။

နေရာမကျသော အချက်တို့ကို တွေ့ရပါက အကြောင်းကြားကြပါရန် မေတ္တာရပ်ခံပါ၏။

**ထွန်းလင်းရိပ်သာ**
**ကမာရွှတ်**
**၁၉၇၁ ခု၊ အောက်တိုဘာလ**

**မင်းသုဝဏ်**

## ဒုတိယအကြိမ်ဖြည့်စွက်ပုံနှိပ်ခြင်း အမှာစကား

ပထမအကြိမ် ပုံနှိပ်သောစာအုပ်ကို ဖတ်ရှုသူ လူကြီးပိုင်းပရိသတ်၏ လိုအင်ဆန္ဒအရ ဤစာအုပ်ငယ်ကို ဖတ်ရှုပြီးနောက် အင်္ဂလိပ်ဘာသာရေး နက္ခတ်ကြည့် စာအုပ်များကို ကူးပြောင်းဖတ်ရှုရာတွင် အထောက်အပံ့ပြုမည့် ဤစာအုပ်ပါ နက္ခတ်ပညာဆိုင်ရာ မြန်မာအင်္ဂလိပ် ဝေါဟာရစာရင်းကို လည်းကောင်း၊ အင်္ဂလိပ် ဘာသာနှင့်ရှိသည့် အီကွေတာတပိုက် ကောင်းကင်ပုံကိုလည်းကောင်း ဖြည့်စွက် ထည့်သွင်းလိုက်ပါသည်။မြန်မာဘာသာရေး အောက်ပါနက္ခတ်ပညာဆိုင်ရာ၊ အာကာသပညာဆိုင်ရာ စာအုပ်များကို ရှာဖွေဖတ်ရှုရန်လည်း လေးစားစွာ တိုက်တွန်းလိုက်ပါသည်။

၁။ ။**ကောင်းကင်နက္ခတ်အလင်းပြကျမ်း**။ ဆရာတော် ဘိုးစန္ဒိမာ။ ရန်ကုန်မြို့၊ ၄၅ လမ်း၊ အမှတ် ၁၅၂၊ ဘီ–အီး–တီ ပုံနှိပ်တိုက်။ ၁၃၂၉ တွင် ပုံနှိပ်။

၂။ ။**နဂါးငွေ့တန်း**။ ဖရင့်ကလင်း၊ အမ်၊ ဘရန်းလေး။ အမေရိကန် ပြန်ကြားရေးဌာနက ထုတ်ဝေ။ ၁၉၇၀ ပြည့်တွင် ပုံနှိပ်။

၃။ ။**မြန်မာ့စဉ်လာနက္ခတ်တာရာ အမြင်ကြည့်သင်ခန်းစာနှင့် နေပတ်ကြန္တီဇယားချုပ်**။ဦးမိုး။ စာပေဗိမာန်ကထုတ်ဝေ။ ၁၉၇၄ တွင် ပုံနှိပ်။

၄။ ။**အောင်နိုင်သောအခါ စကြာဝဠာ**(အဖုံးရှိအမည်)။ အောင်မြင်သောအခါ နေစကြာဝဠာ (အတွင်းရှိအမည်)။ မြင့်စိုး မြန်မာပြန်။ ရန်ကုန်မြို့၊ စမ်းချောင်း၊ မင်္ဂလာလမ်း၊ ၄၈–၅၀၊ ဗမာ့ရွှေဆောင် စာပေဖြန့်ချိရေးကထုတ်ဝေ။ ပုံနှိပ်သက္ကရာဇ်မပါ။


၁၉၇၉ ခု၊ ဒီဇင်ဘာလ

မင်းသုဝဏ်



# မိုးပေါ်မှာကြယ်တလုံး

မင်းသုဝဏ်




# ဩဂုတ်

ဩဂုတ်လ ၁၅ ရက်နေ့ ညဥ့် ၇ နာရီခွဲခန့်တွင် မြောက်ဘက် ကောင်းကင်ကို ကြည့်ပါ။ အထက်ပါ ရုပ်ပုံအတိုင်း ကြယ်စု သုံးစုကို မြင်ရပါလိမ့်မည်။

ပထမဦးစွာ လက်ဝဲကြယ်စု ခုနစ်စဉ်ကြယ် အကြောင်းကို ပြောပြပါမည်။ သာမန်အားဖြင့် ကြယ်ခုနစ်လုံးကို မြင်ရသောကြောင့် ခုနစ်စဉ်ကြယ်ဟု ခေါ်ခြင်းဖြစ်ပါသည်။ အောက်ပိုင်းကို ဦးခေါင်းဟု ခေါ်၍ အထက်ပိုင်းကို အမြီးဟု ခေါ်စမှတ်ပြုကြပါသည်။ ကြယ်ခုနစ်လုံးတွင် ဦးခေါင်းမှစ၍ တလုံးစီ တလုံးစီကို အမည်ပေးထားပါသည်။ (၁)ကြာသပတေးကြယ် (၂) အင်္ဂါကြယ် (၃) စနေကြယ် (၄) ဗုဒ္ဓဟူးကြယ် (၅) သောကြာကြယ် (၆)တနင်္ဂနွေကြယ် (၇) တနင်္လာကြယ် ဟူ၍ဖြစ်ပါသည်။ ဤကို မှတ်ရလွယ်အောင် ရှေးလူကြီးများက နံသင့်သင်္ချာနည်းအရ သံပေါက်စီထားသည်မှာ မ-စက်- တတ်-လေ၊ သည်း-အူ-ကြွေ၊ ရေလေအစ၊ ဦးခေါင်းက ဟူ၍ ဖြစ်ပါသည်။ မ-ကြာသပတေး၊ စက်- အင်္ဂါ၊ တတ်-စနေ၊ လေ-ဗုဒ္ဓဟူး၊ သည်း-သောကြာ၊ အူ-တနင်္ဂနွေ၊ ကြွေ-တနင်္လာ ဟု ကောက်ယူ



ရပါသည်။ဤသံပေါက်နည်းတူ အခြား သံပေါက်များလည်း ရှိကြပါသေးသည်။ ဗဟုသုတ အလို့ငှာ မှတ်နိုင်ပါသည်။

(၁) ပု - ဆိန် - တူး - ရှင်း၊ သံ - အိုး - ကင်း။
(၂) မန်း - စက် - တော် - ရာ၊ သွား - အ - ခါ။
(၃) မြည် - စမ်း - တော့ - လေး၊ သံ - အ - ကြေး။
(၄) ပ - ညာ - နည်း - လှ၊ သူ - အောက် - ကျ။

လူကလေး လုံမကလေးတို့ကလည်း ရှေးလူကြီးများကို အားကျကာ သံပေါက်အသစ်များကို တီထွင်နိုင်ကြပါသည်။ အချင်းချင်းယှဉ်ပြိုင်၍ တီထွင်ကြည့်ကြပါ။

နံသင့် အက္ခရာများကို နောက်တဆင့်တိုး၍ နေ့နံအလိုက် ဂဏန်းများ အဖြစ်သို့ ကူးပြောင်းပေးနိုင်ပါသေးသည်။ ဥပမာ တနင်္ဂနွေမှာ ရက်သတ္တပတ်တွင် ပထမနေ့ ဖြစ်သဖြင့် တစ်ဂဏန်းဟု ယူရပါသည်။ စနေကို ခုနစ်ဂဏန်း၊ သို့မဟုတ် သုညဟု အရာဌာနအလိုက် ယူရပါသည်။ ထို့ကြောင့် ပ-ညာ-နည်း-လှ၊ သူ-အောက်-ကျ သံပေါက်ကို ဂဏန်းနှင့် ဖလှယ်၍ ယူမည်ဆိုပါက (၁) ပ=၅ (၂) ညာ=၃ (၃) နည်း=၀ (၄) လှ=၄ (၅) သူ=၆ (၆) အောက်=၁ (၇) ကျ=၂ ဟူ၍ ဖြစ်ပါသည်။


ရုပ်ပုံတွင် ဂဏန်းဖြင့် ပြထားပါသည်။

ဤတွင် ကြားညှပ်၍ အသုံးတည့်မည့် နံသင့်အက္ခရာ၊ နံသင့် သင်္ချာနည်း တနည်းကို အောက်တွင် ဖော်ပြလိုက်ပါသည်။

| နံ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | ရာဟု | | စနေ |
|---|---|---|---|---|---|---|---|---|---|---|
| အက္ခရာ | အ | က—င | စ—ည | လ၊ ဝ | ပ—မ | သ၊ ဟ | ဋ—ဏ၊ တ—န | ယ၊ ရ | နော၊ နဝကိုး | န |
| သင်္ချာ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၀ |

ခုနစ်စဉ်ကြယ် အကြောင်းကို ပြန်၍ ကောက်ရပါလျှင် ခုနစ်စဉ်ကြယ်ကို မိကျောင်းနှင့် ပုံသဏ္ဍာန်အားဖြင့် တူသည်ဟုဆိုကာ ရှေးလူကြီးများက ကြယ်မိကျောင်းဟုလည်း ခေါ်ကြပါသေးသည်။

ခုနစ်စဉ်ကြယ်တွင် သာမန်အားဖြင့် ကြယ်ခုနစ်လုံး ပါကြသည်ဟုဆိုသော်လည်း ခြောက်လုံး မြောက် တနင်္ဂနွေကြယ်သည် နှစ်လုံးတွဲကြယ်ဖြစ်သည်ကို အသေအချာကြည့်က မြင်ရပါလိမ့်မည်။ ဤနှစ်လုံးတွဲ ကြယ်မျိုးသည် တလုံးနှင့်တလုံး ပတ်ချာလှည့်နေသည်ဟု သိရပါသည်။ နောင် ဤကြယ်မျိုးနှင့် ကြုံကြိုက်လျှင် ဖော်ပြပါဦးမည်။




ယခုအခါ အလယ်ကြယ်စု ကြေးမုံတာရာအကြောင်းကို ပြောပါမည်။ ဤကြယ်စုတွင်လည်း ကြယ်ခုနစ်လုံး ပါဝင်ကြပါသည်။ ရှေးခေတ် ရှေးအခါက အသုံးပြုသည့် လက်ကိုင်ပါသော ကြေးမုံခွက်နှင့် တူသောကြောင့် ကြေးမုံတာရာဟု ခေါ်ခြင်းဖြစ်ပါသည်။ ကြေးမုံဆိုသည်မှာ အရိပ်ထင်အောင် အချောတိုက်ထားသော ကြေးပြား သဗ္ဗာပြား ဖြစ်ပါသည်။ ကြည့်မှန်အဖြစ် သုံးရပါသည်။ ကြေးမုံတာရာ ခုနစ်လုံးတွင် အတွင်းဘက် ကြယ်လေးလုံးကို သေးငယ်သည် တကြောင်း မြေကြီးနှင့် နီး၍ မြေခိုးမြေငွေ့မှုတ်သည် တကြောင်းကြောင့် ရုတ်တရက် ချက်ချင်း မမြင်ရတတ်ပါ။ တခါ မတွေ့ တခါ တွေ့အောင် ဂရုပြုကြည့်လျှင် တွေ့ရပါလိမ့်မည်။

ကြေးမုံတာရာတွင် အရေးကြီးသော ကြယ်မှာ တဘက် အစွန်းက ဓူဝံကြယ် ဖြစ်ပါသည်။ ဓူဝံကြယ်ကို ရှာလိုလျှင် ဤသို့လုပ်ရပါမည်။ ခုနစ်စဉ်ကြယ်၏ ဦးခေါင်းဖြစ်သော



အင်္ဂါကြယ်နှင့် ကြာသပတေးကြယ် နှစ်လုံးကို စိတ်ကူးဖြင့် မျဉ်းဆက်ကြည့်ပါ။ ဤမျဉ်းကို ဖြောင့်ဖြောင့် ဆက်ဆွဲလျှင် ပထမဦးစွာ ဦးတိုက်မိသည့် ကြယ်ပြောင်မှာ ဓူဝံကြယ် ဖြစ်ပါသည်။ ကြေးမုံ လက်ကိုင်၏ အစွန်းကြယ်ဖြစ်ပါသည်။

အခြား ကြယ်များကို အရှေ့တွင် ထွက်၍ အနောက်တွင် ဝင်သကဲ့သို့ မြင်ရပါသည်။ ဓူဝံကြယ်ကိုမူကား ထွက်သည် ဝင်သည်မရှိ၊ တနေရာတည်းတွင် ရပ်တည်နေသကဲ့သို့ မြင်ရပါသည်။ ထို့ကြောင့် အိန္ဒိယ တိုင်းသားတို့က သူ့ကို ဓူဝံကြယ်ဟု အမည်မှည့်ကြပါသည်။

ဆီကြိတ်ရာတွင် ဆီဆုံကို နွားနှင့် ကားက လှည့်ပတ်နေသကဲ့သို့ ဓူဝံကြယ်ကို ကြေးမုံက လှည့်ပတ်နေပါသည်။ ထို့ကြောင့် ရှေးဆရာတို့က နတ်ဘုံဝင်းလုံ့၊ ကြယ်ဓူဝံလည်း၊ တရံမပြတ်၊ ကြေးမုံပတ်လျက် ဟူ၍ ရေးဖွဲ့ကြပါသည်။

အကယ်၍ လူကလေး လုံမကလေးတို့သည် ဓူဝံကြယ် ရှိရာသို့ ဦးတည် သွားပါလျှင် ဓူဝံကြယ်သည် တစတစ မိုးကုပ်စက်ဝိုင်းအထက်သို့ မြင့်မြင့်တက်သွားသည်ကိုတွေ့ကြရပါလိမ့်မည်။ ဓူဝံကြယ်သည် မိမိတို့၏ ဦးခေါင်းအထက် တည့်တည့်လောက်သို့ ရောက်သောအခါ




ထိုဒေသသည် ကမ္ဘာ၏ မြောက်ဘက် အကျဆုံး မြောက်ဝင်ရိုးစွန်း ဒေသဖြစ်သည်ဟု သိကြရပါလိမ့်မည်။ လူကလေးတို့ ကြိုးဖြင့် ရစ်လှည့် ကစားသော ဂျင်ကဲ့သို့ ကျင်လည်နေသော ဤကမ္ဘာလုံး၏ မြောက်တည့်တည့်ခန့် ဒေသ ဖြစ်ပါသည်။ ထိုဒေသတွင် ကြယ်တို့ကို ဝင်သည် ထွက်သည်ဟု မမြင်ရ။ ဓူဝံကြယ်ကို ဗဟိုပြုကာ နာရီလက်တံကဲ့သို့ လည်ပတ်နေသည်ကိုသာ မြင်ရပါသည်။ ထို့ပြင် ရှေးလူကြီးများက ဓူဝံမြောက်ပါး၊ ကြယ်အများ၊ ရွှေ နောက်မသွား၊ ကြံ့စဉ်းစား ဟူ၍ စကားထာဝှက်ခဲ့ကြပါသည်။ ရှေ့ထွက် နောက်ဝင် မရှိ၊ အနောက်မှ အရှေ့သို့ သွားနေကြသည်ဟု ဆိုလိုပုံရပါသည်။ သတိပြုကြည့်ကြပါ။

ဓူဝံကြယ်၏ ထူးခြားချက် တရပ်မှာ ယင်းသည် တလုံးတည်း မဟုတ်ပါ။ တလုံးနှင့် တလုံး ပတ်ချာလှည့်နေသော ငါးလုံးတွဲ ကြယ်ဖြစ်ပါသည်။

ယခုအခါ တတိယ ကြယ်စုဖြစ်သော ဗျိုင်းတာရာအကြောင်းကို ပြောပါမည်။ ဗျိုင်းတာရာသည် ဩဂုတ်လတွင် ထွက်ပါသည်။ အင်္ဂလိပ်အက္ခရာ အင်မ်နှင့် တူပါသည်။ မတ်လဆီတွင် အနောက်သို့ဝင်၍ ကွယ်ပျောက်ပါသည်။ ဤကြယ်စုသည် မြူးဝတွင် ငါးစောင့်ကာ ရပ်တည်နေသော ဥဗျိုင်းငှက်နှင့်တူသည် ထင်မှတ်၍ ဗျိုင်းတာရာဟု ခေါ်ကြခြင်းဖြစ်သည် ယူရန် ရှိပါသည်။

အိန္ဒိယ မြန်မာတို့၏ နက္ခတ်ပညာတွင် မြောက်ဘက် ကောင်းကင်၌ ကြယ်စု ကိုးစု ရှိသည်ဟု ခွဲခြား အသိအမှတ် ပြုကြပါသည်။ ယင်းတို့ကို အတွင်းဘာရာကိုးလုံးဟု ခေါ်ပါသည်။ ယင်းတို့မှာ (၁)ကျီးတာရာ (၂)ဟသ်ာတာရာ (၃)ပုစွန်တာရာ (၄)ချိန်တာရာ (၅) ဆံကျင်မှာရာ (၆)တံငါတာရာ (၇)ဆင်တာရာ (၈) မြင်းတာရာ (၉) ဗျိုင်းတာရာ တို့ ဖြစ်ကြပါသည်။ (ရုပ်ပုံကိုကြည့်ပါ။) နဝမမြောက် တာရာသည် လူကလေး လုံမကလေး တို့ ယခု ကြည့်ရှုနေကြသော ဗျိုင်းတာရာပင် ဖြစ်ပါသည်။






# စက်တဘ်ာ

စက်တဘ်ာလ ၁၅ ရက်နေ့ ညဉ့် ၈ နာရီခန့်တွင် အထက်ကောင်းကင် မှန်းလတ်ကို ကြည့်ပါ။ မှန်းလတ်ဆိုသော စကားလုံးအကြောင်းကို ရှင်းပြပါဦးမည်။ ဦးခေါင်းတည့်တည့် ကောင်းကင်ကို မှန်းတည့်ဟု ခေါ်ကြပါစို့။ အရှေ့မိုးကုပ်စက်ဝိုင်းနှင့် မှန်းတည့်၏ အကြား အလယ်ပိုင်းကို မှန်းလတ်၊ အနောက်မိုးကုပ်စက်ဝိုင်းနှင့် မှန်းတည့်၏ အကြား အလယ်ပိုင်းကို မှန်းယိမ်းဟု ခေါ်ကြပါစို့။ ဤသို့ ခေါ်ခြင်းဖြင့် ကြယ်များ၏ တည်ရာ အရပ်ကို သာမန်သဘော အလွယ်တကူ ညွှန်ပြနိုင်သော အကျိုးရှိပါသည်။

ယခု မှန်းလတ်ကို ကြည့်ပါ။ ကြယ်လေးလုံး စတုဂံလေးထောင့်ပုံ ဖြစ်နေသည်ကို မြင်ရပါမည်။ ဓူဝံကြယ်နှင့် ဗျိုင်းတာရာ၏ အနောက်အစွန်ဆုံး ကြယ်တို့ကို စိတ်ကူးဖြင့် မျဉ်းဆက်ကြည့်ပါ။ ဤမျဉ်းကို ဖြောင့်ဖြောင့်ဆက်ဆွဲလျှင် အထက်ပါ စတုဂံ၏ အရှေ့ဘက် အနားနှင့် ယှဉ်ပြိုင်ကပ်သွားသည်ကို တွေ့ရပါလိမ့်မည်။ ထိုအခါ စတုဂံတခုလုံးကို အလွယ်တကူနှင့် မြင်ရနိုင်ပါသည်။

ဤကြယ်လေးလုံးသည် အမှန်မှာ နှစ်လုံးစီ ပါဝင်သော နက္ခတ်နှစ်ခု ဖြစ်ကြပါသည်။ အနောက်ဘက် ကြယ်နှစ်လုံးကို ပုဗ္ဗဘဒြပိုက်ခေါ်၍ အရှေ့ဘက် ကြယ်နှစ်လုံးကို ဥတ္တရဘဒြပိုက်ခေါ်ပါသည်။

ဤတွင် နက္ခတ်ဆိုသော စကားလုံးကို ရှင်းပြရပါဦးမည်။ မြန်မာစကားတွင် နက္ခတ်နှင့် နက်သတ်ဆိုသောစကားလုံးနှစ်လုံးရှိကြပါသည်။ နက္ခတ်ကို ပါဠိဘာသာမှရ၍ နက်သတ်ကို သက္ကတဘာသာမှ ရပါသည်။ ဆိုလိုရင်းအနက်မှာ အတူတူဖြစ်ပါသည်။

ကောင်းကင်တွင် လမင်းကြီး လှည့်ပတ်သွားလာရာဟု ထင်ရသော ကရွတ်ခွေ လမ်းဝန်းကြီးရှိပါသည်။ လမ်းဝန်းကြီးကို ၂၇ စိတ် စိတ်၍ တစိတ်တစိတ်အတွင်းတွင် ရှိသော ကြယ်စုကို နက္ခတ်တလုံးဟု သတ်မှတ် အမည်ပေး ခေါ်ဝေါ်ကြပါသည်။ ထို့ကြောင့် (၁) အသဝနီ (၂) ဘရဏီ (၃) ကြတ္တိကာ စသည်ဖြင့် နက္ခတ် ၂၇ လုံး ရှိကြပါသည်။ ဤနက္ခတ် ၂၇ လုံးတွင် ပြုဗ္ဗဘဒြပိုက်နှင့် ဥတ္တရဘဒြပိုက်တို့သည် အမှတ် ၂၅၊ ၂၆ တို့အသီးအသီးဖြစ်ကြပါသည်။ ရှေ့ကြယ်နှစ်လုံးတန်း နောက်ကြယ်နှစ်လုံးတန်း စတုဂံဖြစ်နေသည်ကို ရှေးလူကြီးများက နွားခြေ၊ နွားလက်ပုံ ဟူ၍လည်းကောင်း၊ ခုတင်ညောင်စောင်းခြေပုံ ဟူ၍လည်းကောင်း၊ ဗထိုင်ခြေပုံ ဟူ၍လည်းကောင်း၊ အင်းပျဉ်ပုံဟူ၍လည်းကောင်း သတ်မှတ်ပြောဆိုကြပါသည်။ ထို့ကြောင့် နက္ခတ်သံပေါက်များ၌ ပြုဗ္ဗဘဒြပိုက်၊ ဥတ္တရဘဒြပိုက်၊ ခေါ်သမိုက်၊ မှတ်ပိုက်အင်းပျဉ်လို ဟူ၍ စပ်ဆိုကြပါသည်။ အမည်ကွဲပြားသော်လည်း ဆိုလိုရင်းမှာ လေးထောင့်စတုဂံပုံပင် ဖြစ်ပါသည်။ ဤစတုဂံကြီးကို ပြောဆိုရလွယ်ကူခြင်းအကျိုးငှာ ဘဒြပိုက် စတုဂံဟု ခေါ်ကြပါစို့။






# အောက်တိုဘာ

အောက်တိုဘာလ ၁၅ ရက်နေ့ ညဉ့် ၈ နာရီခွဲခန့်တွင် အရှေ့မြောက် ကောင်းကင်မှန်းလတ် မရောက်တရောက်နေရာကို မော့ကြည့်ပါ။ သို့မဟုတ် ဦးခေါင်းပေါ်တွင်ရှိသည့် ဘဒြပိုက် စတုဂံ၏ အရှေ့သို့ တိုး၍တိုး၍ ကြည့်ပါ။ ရုပ်ပုံတွင် ပြထားသည့် မိဿရာသီကြယ်စုအဝင် ကြယ်သုံးလုံးကို မြင်ရပါလိမ့်မည်။

ဤတွင် ဆယ့်နှစ်ရာသီ ကြယ်စုများ အကြောင်းကို ပြောပြရန် အခွင့် ဆိုက်လာပါသည်။ ကောင်းကင်တွင် နေမင်းကြီး လှည့်ပတ်သွားလာရာဟု ထင်မှတ်ရသော ကရွတ်ခွေ လမ်းဝန်းကြီး ရှိပါသည်။ ခရစ်မပေါ်မီ နှစ်ပေါင်း ၂,၇၀၀ ကျော်အခါက ဗက်ဗီလုံနီးယားနိုင်ငံတွင် နေသွားသော လူမျိုးများက ဤခရီးဝန်းကြီးကို တဆယ့်နှစ်ပိုင်းအညီပိုင်း၍ တပိုင်းတပိုင်းကို တရာသီတရာသီဟုခေါ်ကြပါသည်။ ယင်းအပိုင်းတို့တွင် ပါဝင်သော ကြယ်စုတို့၏ ပုံသဏ္ဍာန်ကို ကြည့်ကာ ဆိတ်နှင့်တူပုံရလျှင် ဆိတ်ရာသီ၊ နွားနှင့် တူပုံရလျှင် နွားရာသီစသည်ဖြင့် တဖန် အမည်မှည့်ခေါ်ကြပြန်သည်ဟု ပညာရှိတို့ ယူမှတ်ကြပါသည်။ သို့ဖြင့် တဆယ့်နှစ်ရာသီ ဖြစ်လာပါသည်။ တဖန် နေမင်းလှည့်ပတ်ပုံ သဘာဝကို အခြေပြုကာ မိဿရာသီကို နှစ်ဦးနှစ်စ ရာသီအဖြစ် သတ်မှတ်ကြပါသည်။ အပြည့်အစုံကား (၁) မိဿ၊ ဆိတ်ရုပ် (၂) ပြိဿ၊ နွားရုပ် (၃) မေထုန်၊ ကိန္နရာဖိုမရုပ် (၄) ကရကဋ်၊ ပုစွန်လုံးရုပ်

၅) သိဟ်၊ ခြသေ့်ရုပ် (၆) ကန်၊ မိန်းမရုပ် (၇) တူ၊ ချိန်ခွင်ရုပ် (၈) ဗြိစ္ဆာ၊ ကင်းမြီး ကောက်ရုပ် (၉) ဓနု၊ လေးသမားရုပ် (၁၀) မကာရ၊ မကန်းရုပ် (၁၁) ကုံ၊ အိုးထမ်း ယောကျ်ားရုပ် (၁၂) မိန်၊ ငါးကြင်းနှစ်ကောင်ရုပ်တို့ ဖြစ်ကြပါသည်။

ရာသီအနေဖြင့် ဤကြယ်သုံးလုံးကို မိဿ ဟုခေါ်သော်လည်း နက္ခတ် အနေဖြင့်ကား သူ့ကို အသဝနီဟု ခေါ်ပါသည်။ ကြယ်စုတစုတည်းကိုပင် ရာသီအဖြစ် လည်းကောင်း၊ နက္ခတ်အဖြစ် လည်းကောင်း သတ်မှတ်တတ်သည်ကို သတိပြုရန် ဖြစ်ပါသည်။ အသဝနီ နက္ခတ်သည်လည်း နက္ခတ် ၂၇ လုံးတွင် အဦးအစ ဖြစ်ပါသည်။ အသဝနီနက္ခတ်တွင် ကြယ်ခြောက်လုံးပါသည်ဟု အဆိုကွဲရှိပါသေးသည်။ ထို့ကြောင့် အသဝနီ၊ ခြောက်လုံးညီ၊ ဘူပြီမြင်းခေါင်းလို ဟု သံပေါက်စပ်ကြပါသည်။






# နိုဝင်ဘာ

နိုဝင်ဘာလ ၁၅ ရက်နေ့ ညဦး ၈ နာရီခွဲခန့်တွင် မွန်းယိမ်းကျော်ကျော်၌ အသဝနီနက္ခတ်ကို မြင်ရပါမည်။ ယင်းမှ အရှေ့သို့ မျက်စိကို အနည်းငယ်ရွှေ၍ ကြည့်လိုက်လျှင် ပိုးစုန်းကြူး ခုနစ်ကောင် ရှစ်ကောင်ခန့် တွဲစု၍ တောက်စားနေကြသည်နှင့်တူသော ကြယ်တစုကို တွေ့ရပါလိမ့်မည်။ ဤကြယ်စုကို ကြတ္တိကာနက္ခတ်ဟု ခေါ်ပါသည်။ မြန်မာလို ဖျောက်ဆိပ်ကြယ်ဟု ခေါ်ပါသည်။ မျက်စိသက်သက်ဖြင့် ကြည့်လျှင် မျက်စိကြည်ပါက ကြယ်ခုနစ်လုံး ခုနစ်ဂဏန်းပုံသဏ္ဌာန် ရှိသည်ကို တွေ့ရပါမည်။ (မှန်ပြောင်းဖြင့် ကြည့်လျှင် အများကြီး မြင်ရပါသည်။)ထို့ကြောင့် ရှေးဆရာများက ကြတ္တိကာကြယ်၊ ခုနစ်သွယ်၊ ကြက်ငယ်စုသလို။ ဖျောက်ဆိပ်ကြယ်ခေါ်၊ ခုနစ်ဖော်၊ ယူသော်ကြတ္တိကာ ဟူ၍ သံပေါက်စပ်ဆိုကြပါသည်။

ကြတ္တိကာနက္ခတ်သည် အာကာသထဲတွင် သွားအတူ လာအတူ ကြယ်လုံးပေါင်းများစွာ ပြွတ်တွဲ၍နေသော နက္ခတ်မျိုး ဖြစ်ပါသည်။ နက္ခတ်ပညာတွင် ဤနက္ခတ်မျိုးကို

ကြယ်ပြွတ် ကြယ်တံ့ဟု ခေါ်ပါသည်။ ဤကြယ်ပြွတ် ကြယ်တံ့မျိုးကို နဂါးငွေ့ထဲတွင် အများဆုံး တွေ့ရသည်ဟု ဆိုပါသည်။ ကြတ္တိကာနက္ခတ်၏ ထူးခြားချက် တရပ်မှာ ဖြူပြာရောင် သမ်းနေသော ကြယ်ပွင့်တို့သည် ပြတ်ပြတ်သားသား ပီပီသသ မရှိကြ။ မှန်ကို ခံတွင်းလေဖြင့် မှုတ်လိုက်သောအခါ ပေါ်လာသော အာငွေ့ကွက်ကဲ့သို့ မှုန်မှုန်ဝါး ဝါး ရှိကြပါသည်။ ထို့ကြောင့်လည်း စိန္တကျော်သူဦးဩက မကြဲမစိပ်၊ ကြယ်ဖျောက်ဆိပ်၊ မှိုင်းရိပ်တိမ်အပြင် ဟု သတ်ပုံသံပေါက်စပ်ခဲ့ပုံ ရပါသည်။

ကြတ္တိကာခေါ် ဖျောက်ဆိပ်ကြယ်သည် တောင်သူလယ်သမားတို့၏ မိတ်ဆွေကြီး ဖြစ်ပါသည်။ နံနက်အရုဏ်ချိန် လယ်ကွင်းယာခင်းသို့ အလုပ်ဆင်းသော တောင်သူလယ်သမားသည် အထက်ကောင်းကင် ဟင်းလင်းပြင်တွင် ဖျောက်ဆိပ်ကြယ် ကောက်ကောက်ကွေးကွေးကို သတိထားမိသည်။ သို့ဖြင့် ဖျောက်ဆိပ်ကြယ်၏ အထွက်အဝင်အသွားအလာကို မှတ်သားမိသည်။ ထို့ပြင် မိမိ၏ လယ်ယာလုပ်ငန်း အခန်းကဏ္ဍတို့နှင့်လည်း ဆက်စပ်မှတ်တမ်းတင်မိသည်။ မည်သို့ တင်ပါသလဲ။

သင်္ကြန်တက်ပြီး နောက်တရက် (ဧပြီလ ၁၆ ရက်ဆိုကြပါစို့) မှစ၍ ရက်ပေါင်း ၁၄၀ ရှိသည့် စက်တင်ဘာလ ၃ ရက်နေ့ နံနက်အရုဏ်တက် ၅ နာရီခန့်တွင် ဖျောက်ဆိပ်ကြယ် မွန်းတည့်သည့်အခါ ကောက်ကြီးစပါးမျိုး ကြဲရသည်။

ရက်ပေါင်း ၁၅၄ ရက်ရှိသည့် စက်တင်ဘာလ ၁၇ ရက်နေ့ အရုဏ်တက်တွင် ဖျောက်ဆိပ် မွန်းလွဲသည်။ ထိုအခါ နှမ်းကြီးကြဲရသည်။

ရက်ပေါင်း ၂၂၅ ရက်ရှိသည့် နိုဝင်ဘာလ ၂၇ ရက် အရုဏ်တက်တွင် ဖျောက်ဆိပ် မြေလှူးသည်။ (အနောက်တွင် ဝင်ခါနီးသည်။) ထိုအခါ မုရင်းစပါး ကြဲရသည်။

သည်ကိုရည်၍ နှစ်ကောဇာတွင်၊ အတာပြောင်းတက်၊ နောက်တရက်က၊ စ၍ တွက်ချိန်၊ ပြက္ခဒိန်ဝယ်၊ သုဒ္ဓိန်ပွားကြွယ်၊ ရာ့လေးဆယ်လျှင်၊ ပြည့်ကယ်သောခါ၊ နံကာခေါ်ထ၊ ဝါခေါင်လဦး၊ လင်းစရောင်ဝါ၊ အရုဏ်လာဝယ်၊ ကြတ္တိကာဗေ့ထိပ်၊ တည့်လာရိပ်၍၊ ဖျောက်ဆိပ်မွန်းမတ်၊ မည်သတတ်ရှင့် ဟူ၍ မဃဒေဝ လင်္ကာသစ်တွင် ဆိုသည်။

ထို့ပြင် ရာ့ငါးဆယ့်လေး၊ မဝေးသချာ၊ ပဒုံကြာနှင့်၊ ယင်းမာထုံသင်း၊ တော်သလင်း၌၊ ကန်ဆင်းခေါ်မြဲ၊ ဖျောက်ဆိပ်လွဲဟု၊ နှမ်းကြဲကာလ၊ ဟူကုန်ကြ၏ ဟု ဆိုသည်။



ထို့ပြင် လှူ၍စဉ်ထုံး၊ မိုးဆုံ ချိန်လွန်၊ ဟေမန်ခါရောက်၊ နှင်းဖြောက်ဖြောက်နှင့်၊ ဖျောက်ဆိပ်မြေလှူး၊ မကျူးစေပဲ၊ မုရင်းကြဲ ဟု ဆိုသည်။

ထိုနေ့ ထိုရက် ထိုအချိန်တို့တွင် ဖျောက်ဆိပ်ကြယ်၏ အမူအရာတို့ကို စောင့်ကြည့်လျှင် အထက်ပါ ရှေးစကားတို့ မည်မျှ သဘာဝကျသည်ကို တွေ့ရပါလိမ့်မည်။

ကြတ္တိကာမှ အရှေ့သို့ အနည်းငယ်တိုး၍ ကြည့်လိုက်လျှင် အင်္ဂလိပ် အက္ခရာ ဗွီ ပုံသဏ္ဍာန် ကြယ်တစုကို တွေ့ရပါမည်။ မြန်မာတို့ ပြောရိုးပြောစဉ်မှာကား လှည်းဦးပွတ် ပုံသဏ္ဍာန် ဖြစ်ပါသည်။ ယင်းကြယ်စုမှာ ရောဟိနီ (ရောဟဏီ) နက္ခတ် ဖြစ်ပါသည်။

ဗွီအက္ခရာ၏ တဘက်လက်တံထိပ်တွင် ကြယ်ပြောင်ကြီးကို တွေ့ရပါမည်။ ယင်းကို ရောဟိနီ ကြယ်ပြောင်ဟု ခေါ်ကြပါစို့။ ယင်းကြယ်ပြောင်သည် အရောင်နီသည်။ သက္ကတစကား ရောဟိနီ ဆိုသည်မှာလည်း အနီရောင် အနက်ကို ဟောပါသည်။ ယင်းကြယ်ပြောင်ကို အမှူးထား၍ ဤကြယ်စုကို ရောဟိနီဟု အမည်မှည့်လိုက်ပုံရပါသည်။

ဤကြယ်ပြောင်သည် အမှန်မှာ တလုံးတည်းမဟုတ်။ နှစ်လုံးတွဲ ဖြစ်ပါသည်။ ထို့ပြင် ရောဟိနီနက္ခတ်တွင် ပါသော အခြားကြယ်များနှင့် သွားဖော်လာဖက် မဟုတ်ပါ။ ကြယ်သီး ကြယ်ခြား ဖြစ်ပါသည်။ ဤကမ္ဘာမှနေကြည့်သောအခါ တစုတဝန်းတည်း ဖြစ်နေ၍ သာလျှင် ကြယ်ပြောင်နှင့် အခြားကြယ်များကို စုပေါင်း အမည်မှည့်ထားခြင်းဖြစ်ပါသည်။ ဤကြယ်ပြောင်သည် ကျွန်ုပ်တို့၏ ကမ္ဘာမှ အလင်းနှစ်ပေါင်း ၅၃ နှစ် ဝေးသော်လည်း ရောဟိနီအဝင် အခြားကြယ်များမှာ သွားဖော်လာဖက် ကြယ်ပြွတ်ကြယ်တွဲ အနေဖြင့် အလင်း နှစ်ပေါင်း ၁၃၀ ဝေးကြပါသည်။

အလင်းနှစ် ဆိုသည်ကို ရှင်းပြရပါဦးမည်။ အတိုင်းမသိသော အာကာသတွင် ခရီး အစွန့်ကို ရေတွက်ရာ၌ သာမန် မိုင်ရိုးရိုးကို သုံးလျှင် ကိန်းခန်း အလွန်ကြီးသောကြောင့် အမှတ်ရ ခက်ပါသည်။ ထို့ကြောင့် ပညာရှိတို့သည် အလင်းနှစ်ကို တီထွင်ယူကြပါသည်။ အလင်းရောင်သည် တစက္ကန့်လျှင် မိုင်ပေါင်း ၁၈၆,၀၀၀ (တသိန်းရှစ်သောင်းခြောက်ထောင်) ခရီးသွားပါသည်။ (အရောင်သွား၊ နေနားနီး) ဟူ၍ နံသင့် သင်္ချာနည်းအရ မှတ်နိုင်ပါသည်။ တစက္ကန့်ကို မိုင်ပေါင်း ဤမျှရှိလျှင် တနှစ်ကို မည်မျှရှိပါမည်နည်း။ သန်းပေါင်း ခြောက်သန်းနီးပါး ရှိပါသည်။ မြန်မာဆန်ဆန် ပြောရလျှင် မိုင်ပေါင်း ကုဋေ ခြောက်သိန်းနီးပါး ရှိပါသည်။ ဤကား အလင်းနှစ် တနှစ်၏ ခရီးမိုင်ပေါင်း ဖြစ်ပါသည်။ အလင်းနှစ်

၁၃၀ ဆိုလျှင် တွက်ကြည့်ကြပါတော့။ စကားစပ်မိ၍ ဤတွင် ပြောလိုသည်မှာ အလင်းရောင်သည် နေမင်းမှ ဤကမ္ဘာရောက်အောင် ရှစ်မိနစ် လာရပါသည်။

တဖန် ရာသီအနေဖြင့် ဆိုလျှင် ဤရောဟိနီ နက္ခတ်သည်ပင် နွားရုပ်ပုံ ပြိဿရာသီ၏ တစိတ်တပိုင်းဖြစ်သည်ဟု သိရပါသည်။

ဤသို့ဖြင့် ရောဟိနီ နက္ခတ်တွင် ကြယ်ပြောင်ကြီးနှင့် ကြွင်းသော ကြယ်တို့၏ ခြားနားချက် ထူးခြားချက်တို့ကို သဘိပြုနိုင်ကြပါသည်။


ကြတ္တိကာ နက္ခတ်နှင့် ရောဟိနီ နက္ခတ်တို့ကို ရှာဖွေကြည့်ရှုနေခိုက် အရှေ့မြောက်ဘက် သစ်ပင်များအကြားတွင်သော်လည်းကောင်း၊ သစ်ပင်များအထက်တွင်သော်လည်းကောင်း ပြောင်ပြောင်ကြီး ဝါဝါကြီး ဝင်းဝင်းကြီး တခုကို အမှတ်မထင် မြင်မိပါလိမ့်မည်။ ဘာကြယ်ကြီးများပါလိမ့်ဟု သိချင်သလိုလို ဖြစ်ပါလိမ့်မည်။ ယင်းကြယ်ကား ဟသာ်ာစလုတ် ခေါ်သော ကြယ်ပြောင်ကြီးပေတည်း။ ယခုအခါ သူ မွန်းလတ်လောက်သို့ ရောက်နေလေပြီ။ ရုပ်ပုံတွင် ပါသည့်အတိုင်း သူ့ကို မြင်ကြရပါလိမ့်မည်။

ဟသာ်ာစလုတ် ကြယ်ပြောင်ကြီးသည် ဟသာ်ာတာရာ၏ အစိတ်အပိုင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘိုးဘေးများသည် ဟသာ်ာတာရာကို အရိပ်တကြည့်ကြည့်ဖြင့် နေခဲ့ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ဟသာ်ာတာရာ ထွန်းလင်းလျှင် မြန်မာနိုင်ငံ သာယာဝပြောသည်။ ဟသာ်ာတာရာ ညှိုးမှိန်လျှင် မြန်မာနိုင်ငံ ဆင်းရဲ ပင်ပန်းသည်ဟူ၍ အယူရှိကြသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတို့ သံပေါက်စပ်ကြသည်မှာ သုံးလုံးယှဉ်လာ၊ ရွှေဟသာ်ာ၊ သင်္ချာ ၉၊ ၁၀ လုံးဆို။ မြန်မာပြည်မှာ၊ ရွှေဟသာ်ာ၊ တာရာရောင်ဝန်းဆို။ နံသင့်ပြည်ရွာ၊ ကြယ်တာရာ၊ ထွန်းခါပြန့်ပြောဝ။ ညှိုးသောရောင်ဝါ၊ ထိုပြည်ရွာ၊ ပူဆာချောက်ချားစွ ဟူ၍ ဖြစ်ပါသည်။ (သုံးလုံးယှဉ်လာ ဆိုသည်မှာ ဟသာ်ာတာရာသည် ရောဟိနီ၊ မိဂသီ၊ အဒြ ဆိုသော နက္ခတ်သုံးလုံးနှင့် ယှဉ်တွဲနေသည်ဟု ဆိုလိုသည်။)

ကြယ်များသည် အရောင်ထွန်းသည့်အခါ ထွန်းပါသည်။ ညှိုးသည့်အခါ ညှိုးပါသည်။ နှစ်လုံးတွဲကြယ်တွင် ကြယ်နှစ်လုံးသည် တလုံးနှင့်တလုံး ပတ်ချာလှည့်နေပါသည်။ ထိုအခါ အရောင်လင်းသော ကြယ်က အရောင်မှိန်သောကြယ်ကို ဖုံးမိလျှင် ကြယ်ရောင်ထွန်းနိုင်ပါသည်။ အရောင်မှိန်သောကြယ်က အရောင်လင်းသော ကြယ်ကို ဖုံးမိလျှင် ကြယ်ရောင်ညှိုးနိုင်ပါသည်။ကျွန်ုပ်တို့၏ ဘိုးဘေးများသည် ဤအပြောင်းအလဲကို သတိပြုမိကြပုံရပါသည်။



ဟသာ်ာတာရာထဲတွင် နှစ်လုံးတွဲကြယ်၊ သုံးလုံးတွဲကြယ်၊ ကြယ်ပြွတ်ကြယ်တွဲ အများ ပါဝင်ကြပါသည်။ ယင်းတို့သည် အငြိမ်မနေကြ။ ထွန်းချည်ညှိုးချည်ဖြစ်လျက် ရှိကြပါသည်။ စိတ်ဝင်စားသူတို့သည် အားကောင်းသည့် မှန်ပြောင်းရှည်၊ နှစ်လုံးတွဲ မှန်ပြောင်းတို့ တို့ဖြင့် ဤကြယ်အမျိုးမျိုးကို မပြတ်မလပ် ကြည့်ရှုမှတ်သားကြလျှင် ဗဟုသုတများစွာ တိုးပွားစရာ ရှိပါသည်။




# ဒီဇင်ဘာ

ဒီဇင်ဘာလ ၁၅ ရက်နေ့ ညဉ့် ၈ နာရီခွဲခန့်တွင် ကြယ်ကြည့်ကြဦးစို့။ ပထမ အထက်ပါ ရုပ်ပုံကို လေ့လာပါ။ သိနေပြီးဖြစ်သော ကြတ္တိကာ နက္ခတ်နှင့် ရောဟိဏီ နက္ခတ်တို့ကို တွေ့ရပါလိမ့်မည်။ ယင်းနက္ခတ်တို့၏ အရှေ့တောင်ဘက်တွင် လိပ်ကြယ်ကြီးကို မြင်ရပါလိမ့်မည်။ ဤအညွှန်းအတိုင်း အိမ်ပြင်ထွက်၍ ကောင်းကင်ကိုကြည့်ပါ။ ကြယ်သုံးလုံးတန်းနေသည်ကို အလွယ်တကူ မြင်ရပါလိမ့်မည်။ ဤကြယ်သုံးလုံးကို ဗဟိုပြု၍ ပတ်ဝန်းကျင်ကို ကြည့်လျှင် ရုပ်ပုံတွင် ပါသည့်အတိုင်း လိပ်ကြယ်ကြီးကို မြင်ရပါလိမ့်မည်။ ရှေးလူများက ဤကြယ်စုကို လိပ်သတ္တဝါနှင့် သဏ္ဌာန်တူသည်ဟု ယူမှတ်ကာ ဤအမည်ပေးထားကြခြင်း ဖြစ်ပါသည်။ လိပ်ကြီးသည် ကောင်းကင်ကို ဖက်တက်နေသည်ဟု ယူကြပါစို့။ သို့ဖြစ်လျှင် ထိပ်က ကြယ်သုံးလုံးစုသည် လိပ်ခေါင်းဖြစ်ပါမည်။ အရှေ့ဘက်က ကြယ်ပြောင်သည် လိပ်၏လက်ဝဲလက်၊ အနောက်ဘက်က ကြယ်ပြောင်သည် လက်ယာလက်၊ အောက်စွန်း အရှေ့ဘက် ကြယ်ပြောင်သည် လက်ဝဲခြေ၊ အနောက်ဘက် ကြယ်ပြောင်သည် လက်ယာခြေတို့ ဖြစ်ကြပါမည်။ ညွှန်ကြားပြောဆိုရန် လွယ်ကူမှုအတွက် ဤသို့ မှတ်ထားရပါမည်။

လိပ်ခေါင်းကို နက္ခတ်အနေနှင့်ဆိုလျှင် မိဂသီဟုခေါ်ပါသည်။ မိဂသီမှာ၊ သုံးလုံးသာ၊ ဝေါဟာ လိပ်ခေါင်းဆို ဟု သံပေါက်ရှိပါသည်။ ဤမိဂသီကိုပင် (၁)လိပ်ခေါင်းကြယ် (၂) ကြယ်ဦးဆောင်း (၃) ကြယ်အုပ်ဆောင်း ဟူ၍ စာပေတွင် ရေးသားစပ်ဆိုကြပါသည်။



လိပ်၏ လက်ဝဲလက် ကြယ်ကို အဒြနက္ခတ်ဟု ခေါ်ပါသည်။ လိပ်လက်ခေါ်ကြ၊ အဒြ၊ ကေတုလုံးဆို ဟု သံပေါက် ရှိပါသည်။

ဤမျှ သိပြီးလျှင် ကောင်းကင်ကိုကြည့်၍ စဉ်းစားပါက ရာမရကန်လာ ဤစာပိုဒ်၏ အဓိပ္ပာယ်ကို ရိပ်စားမိနိုင်ပါလိမ့်မည်။ မိဂသီတောင်မှာ၊ မောင်ရှင်ဆိုင်းထမ်း၊ ရေမှုတ်ကမ်းလို့၊ အဆန်းကို နယ်ဖြန့်၊ မြင်တိုင်းလန့်ရသည်၊ ပြုပွာသန့် အသွင်သို့။

ဤတွင် ကြယ်သုံးလုံးတန်းကလေးသည် မောင်ရှင်ဆိုင်းထမ်းကြယ် ဖြစ်ပါသည်။ ယင်းကိုပင် သိက္ကတာရာဟု ခေါ်ကြပါသေးသည်။ ထို့ကြောင့် မောင်ရှင်တန္တိုင်း၊ ဆိုင်းနှင့်ဆိုကြ၊ သိက္ကတာရာ၊ သချ်ာသုံးလုံး ဟူ၍ နက္ခတ်လင်္ကာများတွင် တွေ့ရပါသည်။


မောင်ရှင်ဆိုင်းထမ်းကြယ်မှ တွဲလျားကျနေသကဲ့သို့ရှိသော ကြယ်စုမှာ ရေမှုတ်ကမ်းကြယ်ဖြစ်ပါသည်။ ဆွမ်းအုပ်ပြွတ်အိုးများကို ရှေ့နောက် ဆိုင်းအစုံဖြင့် ထမ်းဆောင်လာသော မောင်ရှင်က လက်တဘက်ဖြင့် ရေမှုတ်ကမ်းပေးနေသည်နှင့် တူသည်ဟု ယူဆ၍ ဤအမည်များကို ရှေးလူကြီးများ ပေးခဲ့ကြပုံရပါသည်။

ယခုအခါ ကြယ်တို့၏ အရောင်အကြောင်းကို အမြွက်မျှ ပြောသင့်သော အချိန်သို့ ဆိုက်ပြီ ထင်ပါသည်။ ပထမဦးစွာ ဖိုထဲတွင်ထည့်၍ မီးဖုတ်ထားသော သံတွေခဲကို သတိပြုပါ။ အပူရှိန် အလွန်ပြင်းလျှင် သံတွေခဲ၏ အရောင်မှာ ဖြူပြာပါမည်။ အပူရှိန် အနည်းငယ်လျော့လျှင် ဖြူပါမည်။ နောက် ဝါပါမည်။ နောက် လိမ္မော်ရောင် ဖြစ်ပါမည်။ နောက် နီပါမည်။ အပူအကြီးဆုံးမှာ ဖြူပြာရောင်၊ အပူအနည်းဆုံးမှာ အနီရောင် ဖြစ်ပါသည်။ ကြယ်တို့၏ အရောင်မှာလည်း (၁) ဖြူပြာ (၂) ဖြူ (၃) ဝါ (၄) လိမ္မော် (၅) နီ ဟူ၍ ရှိပါသည်။ ကြယ်များမှာ တေဇောဓာတ် တောက်လောင်နေသော နေဝန်းများ ဖြစ်ကြပါသည်။ အပူအကြီးဆုံးက ဖြူပြာရောင်ရှိ၍ အပူအနည်းဆုံးက အနီရောင် ရှိပါသည်။ ဤအရောင်တို့ကို အကြောင်းပြု၍ ကြယ်တို့၏ အပူရှိန်ကို ခန့်မှန်းနိုင်ပါသည်။

ယခု လူကလေး လုံမကလေးတို့ တွေ့ဖူး မြင်ဖူး၍ သိမြင်နေကြရသော ကြယ်တို့တွင် အရောင် အတော်စုံနေပါပြီ။ (၁) လိပ်လက်ယာလက်ကြယ်၊ လိပ်လက်ဝဲခြေကြယ်တို့သည် ဖြူပြာရောင် ကြယ်များ ဖြစ်ကြပါသည်။ (၂)ဟသ်ာစလုတ်ကြယ်သည် အဝါရောင်ကြယ် ဖြစ်ပါသည်။ (၃)ရောဟိဏီကြယ်ပြောင်သည် လိမ္မော်ရောင်ကြယ် ဖြစ်ပါသည်။ (၄)လိပ်လက်ဝဲလက်ကြယ် (အဒြ)သည် အနီရောင်ကြယ် ဖြစ်ပါသည်။ ယခု ဖော်ပြထားသော

ကြယ်များကို တထိုင်တည်းတွင် တွေ့မြင်နိုင်ပါသည်။ ယင်းတို့ကို အပြန်ပြန်အလှန်လှန် နှိုင်းယှဉ်ကြည့်၍ အရောင် အသွေးတို့ကို မှတ်သားပါ။ ပြီးလျှင် အခြား တပါးသော ကြယ်တို့ကိုကြည့်၍ အသွေးအရောင်ကို အမည်မှည့်ကြည့်ပါ။ စိတ်ဝင်စားဖွယ် ဖြစ်သည်ကို တွေ့ရပါလိမ့်မည်။

လိပ်ကြယ်တွင် ထူးခြားချက် နောက်တခု ရှိပါသေးသည်။ ယင်းမှာ အခြား မဟုတ်ပါ။ ရေမှုတ်ကမ်းကြယ်စုထဲတွင် မြင်ရသော အာငွေ့ကွက် ဖြစ်ပါသည်။ မှန်ပြောင်းဖြင့် ကြည့်လျှင် ပို၍ ကောင်းပါသည်။ အာငွေ့ကွက်ထဲတွင် သေသေချာချာကြည့်လျှင် ကြယ်အများကို မြင်နိုင်ပါသည်။ နှင်းတောထဲတွင် ဓာတ်မီးလုံး ထွန်းထားသည်နှင့် တူပါသည်။ အာငွေ့ကွက် မှုန်မှုန် ဝါးဝါးကို နောက်ကျောခံရှိ ဤကြယ်များက အလင်းရောင် ထိုးပေးသဖြင့် အာငွေ့ကွက်မှာ ထင်ရှားပေါ်လွင် ရပါသည်။ ဤအာငွေ့ကွက်မျိုးကို ကောင်းကင်တွင် သတိထားရှာကြည့်ပါ။ များစွာ တွေ့ရပါလိမ့်မည်။




## ဇန်နဝါရီ

ဇန်နဝါရီလ ၁၅ ရက်နေ့ ညဦး ၈ နာရီခွဲခန့်တွင် ကြယ်ကြည့်ကြဦးစို့။ ယခုအခါ ဆောင်းရာသီဖြစ်၍ လွင်တီးခေါင်တွင် ရာသီ အလွန်အေးသည်။ နွေးနွေးထွေးထွေး ဝတ်ဆင်ပါ။ သို့သော်လည်း ကောင်းကင် အလွန်ကြည်လင်သည်။ မိုးရာသီ၏ မိုးသားတိမ်တိုက်တို့ မရှိ။ နွေရာသီ၏ မင်းလွင်မြူခိုးတို့လည်း မတက်လှသေး။ ကြယ်ကြည့်ရန် အကောင်းဆုံးအခါ ဖြစ်ပါသည်။

ထို့ပြင် ကောင်းကင်တွင် ကြယ်ပြောင်ကြီးများစွာ စုဝေးထွန်းတောက်ကြသော အချိန်လည်း ဖြစ်ပါသည်။ နက္ခတ်ကြည့် ဝါသနာပါသော ကျွန်ုပ်တို့၏ ဘိုးဘေးများသည်လည်း ဤဆောင်းလ ကောင်းကင်ကို ကောက်နယ် တလင်းတို့မှ ကြည့်ရှုလေ့လာကာ အလွန် ပီတိဖြစ်ခဲ့ရပုံ ရပါသည်။ ထို့ကြောင့် မိမိလာပြည်တွင် သာသနာရေး အဆောက်အအုံများ ရွှေရောင် တဝင်းဝင်းနှင့် ပေါ်များသည်ကို ဖွဲ့ဆိုလိုသော မဂ္ဂစိုးခန်းပျို့ဆရာသည် မျက်စိထဲတွင် နိမိတ်ပုံ တဝင်းဝင်း ပေါ်အောင် ဤသို့ ဥပမာပေး စပ်ဆိုခဲ့ပါသည်။ ကုလားကျောင်းနှင့်၊ ရပ်ဟောင်းပီပီ၊ တောင်ဘီလျှိုးလျှိုး၊ ပုထိုးသွယ်သွယ်၊ ဆောင်းလကြယ်သို့ ဟူ၍။

စိတ်ဝင်စားဖွယ် တရပ်မှာကား နဂါးငွေ့ဖြစ်ပါသည်။ နဂါးငွေ့ ဆိုသည်မှာ ယနေ့ညဥ့် ကောင်းကင်တွင် အရှေ့တောင်ထောင့်ဆီမှ အနောက်မြောက်ထောင့်ဆီသို့ ကောက်ကောက် စင်းစင်း သွယ်တန်း ဖြတ်ကူးသွားသော မီးခိုးတန်းကြီးနှင့် တူသည့် လမ်းဖြူကြောင်းကြီး ဖြစ် ါသည်။ လမိုက်ညဥ့်များတွင် ဂရုတစိုက် အစမှ အဆုံး အစုန်အဆန် ကြည့်ရှုလေ့လာပါ။ တတ်နိုင်လျှင် မှန်ပြောင်းဖြင့် ကြည့်ပါ။ ကြယ်မှုန်ကြယ်ဝါးများကို မရေမတွက် နိုင်အောင် တွေ့ရပါမည်။ အာငွေ့ကွက် အမျိုးမျိုးကိုလည်း တွေ့ရပါမည်။ ဗျိုင်းတာရာ၏ တစိတ် တပိုင်းသည် ဤနဂါးငွေ့ထဲတွင် ရှိသည်ကို သတိပြုပါ။

ယခုအခါ ရုပ်ပုံကို ပြန်ကြည့်ပါ။ လိပ်ကြယ်၏ အရှေ့ဘက်တွင် မျဉ်းများဖြင့် ဆက်၍ပြထားသော ကြယ်စုကို တွေ့ရပါလိမ့်မည်။ ယင်းတို့ကို ကောင်းကင်တွင် ရှာပါ။ ကြယ်ပြောင်ကြီးများ ပါကြသဖြင့် ရှာဖွေရလွယ်ပါသည်။


ဤကြယ်စုသည် ဦးခေါင်းထက်က ကောင်းကင်ကြီးတွင် တောင်နှင့် မြောက် ခွကာ ရှည်ရှည်လျားလျား ကျယ်ကျယ်ပြောပြော နေရာယူထားပါသည်။ ယင်း ကြယ်စုကို ရှေးလူကြီးများက ကြယ်သင်္ဘောဟု ခေါ်ကြပါသည်။ ရှေးဟောင်း ကြယ်နက္ခတ် ရုပ်ပုံများတွင် ဤကြယ်စုကို ရွက်သင်္ဘောပုံသဏ္ဌာန်၊ လှေပုံသဏ္ဌာန် ရေးသားဖော်ပြလေ့ ရှိကြပါသည်။ ထို့ကြောင့် မြောက်ဘက်စွန်းက ကြယ်ပြောင်ကို သင်္ဘောဦး ကြယ်ပြောင်ဟူ၍လည်းကောင်း၊ အလယ်က ကြယ်ပြောင်ကို သင်္ဘောချက် ကြယ်ပြောင်ဟူ၍လည်းကောင်း၊ တောင်ဘက်စွန်းက ကြယ်ပြောင်ကို သင်္ဘောပဲ့ ကြယ်ပြောင်ဟူ၍လည်းကောင်း အမည်တပ်ခေါ်ဝေါ်ကြပါသည်။

ဝါဆိုလ အခါတွင် နေမင်းသည် ဤကြယ်များ၏ မြောက်ဘက်တွင် မလှမ်း မကမ်းမှ လှည့်လည်သွားသည့် အကြောင်းကို ပြလိုသော လောကဝိဒူမော်ကွန်းဆရာသည် သင်္ဘောချက်ဆိုသော အမည်ကို ထည့်သွင်းကာ ထိုနှောင်းလိပ်လက်၊ သင်္ဘောချက်နှင့်၊ နေစက်ရထား၊ မြောက်သို့ပါး၍ ဟု စပ်ဆိုခဲ့ပါသည်။

ယင်းသင်္ဘောကြယ်ကိုပင် ပုန္နဖုသျှုနက္ခတ်ဟု ခေါ်ပါသည်။ သင်္ဘောဦး ကြယ်ပြောင်နှင့်အနီးရှိကြယ်တလုံးကို တွဲ၍ မေထုန်ရာသီဟုလည်း ခေါ်ပါသည်။

ဤကြယ်ပြောင် သုံးလုံးတွင် သင်္ဘောပဲ့ကြယ်ပြောင်သည် အလွန် မှတ်ဖွယ်ကောင်းပါသည်။ သူသည် နှစ်လုံးတွဲကြယ် ဖြစ်ပါသည်။ မျက်စိသက်သက်ဖြင့် ရှုမြင်ရေတွက်နိုင်သော ကြယ်ဦးရေကို ခြောက်ထောင်ခန့် ရှိသည်ဟု ဆိုကြပါသည်။ ယင်းခြောက်ထောင်တွင် တကြိမ်တည်းတွင် သုံးထောင်ခန့်သာ ကြည့်မြင် နိုင်ပါသည်။ အခြား သုံးထောင်မှာ ကမ္ဘာတဘက်တွင် ရှိနေပါသည်။ ဤခြောက်ထောင်ထဲတွင် အလင်းရောင် အထွန်းဆုံး ကြယ်ပြောင်ပေါင်း နှစ်ဆယ့်ငါးလုံးရှိကြသည်ဟု သတ်မှတ်ထားကြပါသည်။ ဤနှစ်ဆယ့်ငါးလုံးထဲတွင် သင်္ဘောပဲ့ ကြယ်ပြောင်သည် အထွန်းဆုံး ကြယ်ပြောင် အမှတ်တစ် ဖြစ်ပါသည်။ သူ၏ အရောင်အသွေးမှာ အဖြူဖြစ်ပါသည်။ အခြား ကြယ်ပြောင်များနှင့် နှိုင်းယှဉ်လေ့လာကြည့်နိုင်ပါသည်။

သင်္ဘောဦးကြယ်၏ အရှေ့ဘက်ကို အနည်းငယ်တိုး၍ ဂရုစိုက် ရှာပါ။ မျက်စိကောင်းကောင်းဖြင့် ရှာနိုင်လျှင် ကောင်းသည်။ မှန်ပြောင်းဖြင့် ရှာနိုင်လျှင် ပိုကောင်းသည်။ ရုတ်တရက် ရှာတွေ့မည်ကား မဟုတ်ပါ။ အတော် ညောင်းခါမှ တွေ့ရသောအခါ အင်မတန်ကျေနပ် နှစ်သိမ့်ဖြစ်လိမ့်မည်။ ဘာကို တွေ့မည်နည်း။ ဖုသျှုနက္ခတ်ကိုတွေ့မည် ဖြစ်ပါသည်။ ကြယ်လေးလုံးအတွင်းတွင် ကြယ်မှုန်ကလေးများ စုဝေးပြွတ်တွဲနေကြသော နက္ခတ်ဆန်း ဖြစ်ပါသည်။ ထို့ကြောင့် ရှေးဆရာတို့က ဖုသျှုကြယ်ပုံ၊ ငှက်ချေးခံ၊ ရောင်လျှံခပ်မှိုင်းမှိုင်း ဟုစပ်ဆိုခဲ့ကြပါသည်။ ငှက်ချေးခံ ခေါ်သော လေးထောင့် မျက်နှာကြက်နှင့် တူသည့် ဖုသျှုနက္ခသ်သည် အရောင် အလျှံ အလွန်မှိုင်းသည်ဟု ဆိုလိုပါသည်။ ဤဖုသျှု နက္ခတ်ကိုပင် ဆယ့်နှစ်ရာသီအရ ပြောရလျှင် ကရကဋ် ရာသီဟု ခေါ်ပါသည်။ ကဏန်းကောင်၊ ပုစွန်လုံးကောင်နှင့်တူသော ရာသီဟု ဆိုလိုပါသည်။




# ဖေဖော်ဝါရီ

ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ညဦး ၈ နာရီခွဲခန့်တွင် ဖုသျှ နက္ခတ်ဟူ၍လည်း ခေါ်သော ကရကဋ် ရာသီကြယ်စုမှ အရှေ့ဘက် မှန်းလတ်ခန့် ကောင်းကင်ကိုကြည့်ပါ။ ကြယ်ပြောင်ကြီး တလုံးကို မြင်ရပါလိမ့်မည်။ ယင်းကြယ်ပြောင်ကို မဏ္ဍိုင်ပြု၍ ရုပ်ပုံတွင်ပါသော ကြယ်စုကို ပုံဖမ်းကြည့်ပါ။ လိပ်ကြယ်စုကို ပုံဖမ်းရ လွယ်ကူသကဲ့သို့ပင် ဤကြယ်စုကိုလည်း ပုံဖမ်းရလွယ်ကူပါသည်။ တခါပုံဖမ်းမိပြီးလျှင်လည်း နောက်ကို မေ့နိုင်ဖို့ မလွယ်ကူပါ။

ဤကြယ်စုသည် ကေသရာဇာ ခြင်္သေ့မင်းနှင့် ပုံသဏ္ဍာန် ဆင်သည်ဟု မြင်ကာ ရှေးလူကြီးများက ယင်းကို သိဟ်ရာသီဟု အမည်ပေးခဲ့ကြပါသည်။ ခြင်္သေ့ရုပ်ကြယ်ဟု ဆိုလိုပါသည်။

နက္ခတ် ၂၇ လုံးဘက်က ကြည့်ပါလျှင် ဤခြင်္သေ့ရုပ် ကြယ်တွင် နက္ခတ် လေးလုံးပါဝင်နေကြသည်ကို တွေ့ရပါသည်။ ကျွန်ုပ်တို့ ကြည့်နေသော ကြယ်ပြောင်မှစ၍ မြောက်ဘက်သို့ ကောက်ကောက်ကြီး ပုံပေါ်နေသော ကြယ်စုမှာ မာဃနက္ခတ်ဖြစ်ပါသည်။ မာဃနက္ခတ်



ပုံသဏ္ဍာန်ကိုကျမ်းများကအမျိုးမျိုးပြောကြသော်လည်း သံကောက်ပုံဟုအသိများပါသည်။ သံကောက်ဆိုသည်မှာ သော့ခလောက်တွင် ခတ်ရသော ရှေးခေတ်သုံး သော့တံ ဖြစ်ပါသည်။ မာဃနက္ခတ်သည် (၁) ထွန်တုံးသဏ္ဍာန် (၂) ထမ်းပိုးသဏ္ဍာန် (၃) အိမ်သဏ္ဍာန် (၄) သံကောက်သဏ္ဍာန် (၅) မျောက်ရုပ် သဏ္ဍာန်ရှိသည်ဟု အမျိုးမျိုး ပြောကြရာတွင် မန္တလေးမြို့၊ တောင်သမန်ကျောက်တော်ကြီး ဘုရား အတွင်းရှိ နက္ခတ်ပုံတွင် မတ်တတ်ရပ်နေသော မျောက်ရုပ်ပုံ ပြထားသည်ကို တွေ့နိုင်ပါသည်။

မျောက်ရုပ်၏မျက်နှာတူရှုတွင် ကြယ် လေး ငါး ခြောက်လုံးကို တစုပြု၍ အသလိဿ နက္ခတ်ဟု အမည်မှည့်ထားသည်လည်း ရှိပါသေးသည်။ ရုပ်ပုံတွင် ရုပ်ထွေးမည်စိုး၍ မပြလိုက်ပါ။ အသလိဿနက္ခတ်သည် (၁) ပေါက်တူးရိုး (၂) ထယ်သွား (၃) စက်လက်နက် (၄) ခက်ရင်းခွ (၅) မြင်းအင်္ဂါဇာတ် ပုံသဏ္ဍာန်ရှိကြောင်း အဆိုကွဲပြားလျက် ရှိပါသည်။ တောင်သမန် ကျောက်တော်ကြီး နက္ခတ်ပုံတွင်ကား ခက်ရင်းခွသဏ္ဍာန် ပြထားလျက် ရှိပါသည်။

ပြုဗ္ဗဖလဂုဏီ၊ ဥတ္တရဖလဂုဏီ နက္ခတ် နှစ်လုံးကိုလည်း ရှာကြည့်ပါ။ နက္ခတ် နှစ်လုံး ကြယ်လေးပွင့် ပါဝင်ကြပါသည်။ ယင်းကြယ်လေးပွင့်ကိုပေါင်း၍(၁)ညောင်စောင်းခြေလေးခုသဏ္ဍာန်(၂) လှည်းဦးခင်းသဏ္ဍာန် (၃) နွားမ နွားလားသဏ္ဍာန်ဟု အမျိုးမျိုးပြောကြပါသည်။ ကျောက်တော်ကြီးတွင်ကား ညောင်စောင်းပုံ ပြထားသည်ကို တွေ့ရပါသည်။ မိမိတို့၏ အမြင်အားဖြင့် အဆို အမျိုးမျိုး တင်ပြကြသော်လည်း အခြေခံအားဖြင့်ကား အထက်ပါပုံတွင်ပါရှိသည့် ကြယ်တို့ကိုပင် ဆိုလိုကြောင်း ယူမှတ်ရပါသည်။




# မတ်

မတ်လ ၁၅ ရက်နေ့ ညဦး ၉ နာရီခန့်တွင် ကြယ် ကြည့်ကြဦးစို့။ အထက် ကောင်းကင် ဦးခေါင်းတည့်တည့်ဆီတွင် ဖုသျှကြယ်ပုံ၊ ဇွက်ချေးခံ၊ ရောင်လျှံ ခပ်မှဲ့မှဲ့ ကို တွေ့ရပါသည်။

ယခု အခါ လူကလေး လုံမကလေးတို့သည် ကြယ်အတော်များများကို သိနေကြပြီ။ ကြယ်များကို မြင်နေကျ နေရာတွင် မှတ်မိလွယ်ပါသည်။ နေရာပြောင်းသွားလျှင် ရုတ်တရက် မမှတ်မိတတ်ပါ။ အရှေ့ ကောင်းကင်တွင် မတ်တတ်မြင်ရသော ကြယ်ပုံကို အလယ်ကောင်းကင်တွင် စောင်းလျက် မြင်ရသောအခါ မမှတ်မိပါ။ ထိုနည်းတူစွာ အနောက်ကောင်းကင်တွင် စောက်ထိုး မြင်ရသောအခါ စိမ်းနေတတ်ပါသည်။ ထို့ကြောင့် ကြယ်များကို မတ်တတ်၊ စောင်းလျက်၊ စောက်ထိုး မည်သို့ပင် မြင်ရမြင်ရ မှတ်မိအောင် လေ့ကျင့်ပေးရန် လိုပါသည်။ အမှန်မှာ မိုးသား တိမ်တိုက်ကြားတွင် တပိုင်းတပိုင်း မြင်ရသော ကြယ်ကိုပင် အမည်မှည့်နိုင်အောင် ကြိုးစားလျှင် ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ယနေ့ မိမိတို့၏ သိပြောင်း ကျွမ်းပြောင်း ကြယ်များကို ရပ်သစ် ရွာသစ် နေရာသစ်တို့တွင် ရှာဖွေမေးမြန်း နှုတ်ခွန်းဆက်ကြစေလိုပါသည်။

ဖုသျှနက္ခတ်၏ အနောက်ဘက်တွင် သဘော်ကြယ်ကြီးကို မြင်ရပါမည်။ ထို့နောက် လိပ်ကြယ်၊ ထို့နောက် ရောဟိနီနက္ခတ်၊ ထို့နောက် ကြတ္တိကာဖျောက်ဆိပ်တို့ကို မြင်ရပါမည်။ အဿဝနီ နက္ခတ်ကား အနောက်တောထဲတွင် ဝင်သွားပါပြီ။


ယခုအခါ ရုပ်ပုံတွင် ပြထားသော ကြယ်များကို ရှာပါ။ မြောက်ကောင်းကင်ဝင်ရိုးစွန်းနှင့် တောင်ကောင်းကင်ဝင်ရိုးစွန်းသို့ မျဉ်းဖြင့် ဆက်ပြထားပါသည်။

ခုဝဲကြယ်ကို မြင်အောင် ကြည့်ပါ။ ကြေးမုံ တာရာကို တခုလုံး မြင်ရ မလွယ်ပါ။ သုံးလေးလုံးကို ပြတ်တောင်းပြတ်တောင်း မြင်ရပါလိမ့်မည်။ ခုနစ်စဉ်ကြယ်ကို ကောင်းကောင်း မြင်နိုင်ပါသည်။ ဆံကျင် တာရာကို ရအောင် ရှာပါ။ ဤတာရာသည် ကြယ်မှုန်ကြယ်ဝါး အများကြီး ပြွတ်တဲ့နေကြသော ကြယ်ပြွတ်ကြယ်တဲ့ဖြစ်ပါသည်။ အချို့ အပြွတ်အတဲ့တို့သည် ကျွန်ုပ်တို့၏ကမ္ဘာမှ အလင်းနှစ် သန်းသုံးရာခန့် ဝေးကွာသည်ဟု တွက်ချက်ပြောဆိုကြပါသည်။ ဤကြယ်စုကို ဆံကျင် တာရာဟု သတ်မှတ်ကာ မင်းတုန်းမင်းတရားလက်ထက်က တိုင်းတာမှတ်တမ်းတင်ခဲ့သော ကောင်းကင်ပုံကို ယနေ့တိုင် တွေ့နိုင်ပါသည်။ ကျောက်တော်ကြီးနက္ခတ်ပုံတွင်လည်း မြင်နိုင်ပါသည်။

ထို့နောက် ဟဿတနက္ခတ်ကို ရှာပါ။ ဟဿတဆိုသည်မှာ သက္ကတ ဘာသာမှ ဆင်းသက်လာသော စကားလုံး ဖြစ်ပါသည်။ လက်ဟု အနက်ထွက်ပါသည်။ ဤနက္ခတ်သည် အရေအတွက်အားဖြင့် ငါးလုံး၊ သဏ္ဌာန်အားဖြင့် လက်ဝါး လက်ချောင်းနှင့်တူသည်ဟုဆိုလိုပါသည်။ ထို့ကြောင့် ဟဿတမှာ၊ ငါးလုံးသာ၊ ပမာလက်ဝါးလို ဟု သံပေါက်စပ်ဆိုကြပါသည်။

အထက်ပါ အတိုင်း ကြည့်နေယင်း ညဦး ၁၁ နာရီခန့်သို့ ရောက်သွားမည်ဆိုပါက အရှေ့တောင်ထောင့်ထဲတွင် တံငါကွန်တိုင်ခေါ် သော ကြယ်စုကို မြင်နိုင်ပါသည်။ မတ်တတ်မရပ်သေးသဖြင့် ရုတ်တရက်သိနိုင်ရန် မလွယ်ပါ။ နောင်လာလတ္တံ့သော လများတွင် သူ့ကို လွယ်လွယ်ဖြင့် မြင်ရပါလိမ့်မည်။

# ဧပြီ




ဧပြီလ ၁၅ ရက်နေ့ ညဉ့် ၈ နာရီခွဲခန့်တွင် ကြယ်ကြည့်ကြဦးစို့။ ဦးခေါင်းအထက် မှန်းတည့် နေရာခန့်တွင် သိဟ်ရာသီ ကြယ်ပြောင်ကြီးထွန်းတောက်နေသည်ကိုတွေ့ရပါလိမ့်မည်။ တောင်ဘက် မိုးကုပ်စက်ဝိုင်းထက်တွင် နဂါးငွေ့ထဲ၌ မတ်တတ်ထရန် အားယူနေသော တံငါကွန်တိုင်ကိုတွေ့ရပါလိမ့်မည်။ ရေလုပ်သားများ ကွန်ရက် ဖြန့်လှန်းရာတိုင်နှင့် တူသောကြောင့် ရှေးလူကြီးများက ဤအမည်ကို ပေးခဲ့ကြပုံရပါသည်။ မြောက်ဘက်ကို ကြည့်လျှင် ခုနစ်စဉ်ကြယ်ကြီး ရှေ့နောက် တန်းနေသည်ကို မြင်ရပါလိမ့်မည်။

ကြယ်ကြည့်သော သူတို့အတွက် ဤခုနစ်စဉ် ကြယ်သည် လမ်းညွှန် လက်ညှိုးကြီးတခု



ဖြစ်ပါသည်။ ဦးခေါင်းပိုင်းက ပုဆိန်ကြယ်နှစ်လုံးသည် ဓူဝံကြယ်ကို လက်ညှိုးညွှန်ပြလျက် ရှိကြပါသည်။ အမြီးပိုင်းက သံအိုးကင်းကြယ်သုံးလုံးတို့သည်လည်း အခြားကြယ်များကို ညွှန်ပြလျက် ရှိကြပါသည်။

သံအိုးကင်းကို မျဉ်းကောက်ဖြင့်ဆက်၍ ဤမျဉ်းကောက်ကို အလိုက်သင့် ကွေးကွေးဝိုက်ဝိုက် ဆက်ဆွဲလျှင် ကြယ်ပြောင်ကြီးတလုံးသို့ ရောက်ပါလိမ့်မည်။ ဤကြယ်ပြောင်ကား နက္ခတ် ၂၇ လုံးတွင် သွာတိနက္ခတ်ဖြစ်ပါသည်။ သွာတိနက္ခတ်သည် အရေအတွက် တလုံး၊ နှစ်လုံး၊ သုံးလုံးရှိသည်ဟူ၍ အဆိုအမျိုးမျိုး ကွဲပါသည်။ သို့သော် တလုံးရှိသည်ဟူသော အဆိုကို အများက နှစ်သက်ကြပါသည်။ ပတ္တမြားသဏ္ဌာန်ရှိသည် သန္တာတလုံးနှင့်တူသည် ကသစ်ပွင့်ပုံပေါ်သည်ဟူ၍ ဆိုကြပါသည်။ ဆိုထိုက်ပါသည်။ သွာတိနက္ခတ်သည် ပတ္တမြားလုံး၊ သန္တာခက်၊ ကသစ်ပွင့်တို့ကဲ့သို့ နီသော အဆင်းရှိပါသည်။ သိပ္ပံနည်းအရ ပြောရလျှင် လိမ္မော်ရောင် အဆင်းရှိသည်ဆိုမှ ပိုမိုတိကျပါသည်။

သွာတိနက္ခတ်နှင့် ပတ်သက်၍ မှတ်သားဖွယ်တရပ် ရှိပါသေးသည်။ ကြယ်နက္ခတ်တာရာတို့သည် အမှန်မှာ ရွေ့ရှားလျက် ရှိကြပါသည်။ ကျွန်ုပ်တို့၏ ကမ္ဘာနှင့် ယူဇနာပေါင်း အသင်္ချေဝေးကွာနေသဖြင့် သာလျှင် သူတို့ရွေ့ရှားသည်ကို မမြင်နိုင် မသိနိုင် နားမလည်နိုင် ရှိရပါသည်။ ဥပမာအားဖြင့် ဆိုလျှင် နိမ့်နိမ့်ပျံသော လေယာဉ်ပျံ၏ ရွေ့ရှားမှုကို သိမြင်ရလွယ်သော်လည်း မြင့်မြင့်ပျံသော လေယာဉ်ပျံ၏ ရွေ့ရှားမှုကို သိမြင်ရ မလွယ်ကူသကဲ့သို့ ဖြစ်ပါသည်။ သည်အထဲတွင် သွာတိနက္ခတ် ရွေ့ရှားသည်ကို နက္ခတ်ဆရာများ အလေးပေး လေ့လာဖူးကြပါသည်။ ယင်းနက္ခတ်သည် ကန်ရာသီ ကြယ်စုရှိရာသို့ တစက္ကန့်လျှင် မိုင်ပေါင်း ၂၀၀ (နှစ်ရာ) ခန့် ရွေ့ရှားလျက် ရှိပါသည်။ အနှစ် ၈၀၀ (ရှစ်ရာ) ခန့်ရှိလျှင် မျက်မြင်အားဖြင့် လပြည့်ဝန်းနှင့် ညီမျှသော ထောင့်ချိုးအကွာအဝေးခန့် ရွေ့ရှားသည်ဟု ဆိုပါသည်။

မျဉ်းကောက်ကို အလိုက်သင့် ဝိုက်ကွေး၍ ဆက်ဆွဲပြန်သောအခါ ကြယ်ပြောင်ကြီး နောက်တလုံးသို့ ဆိုက်ရောက်ပါလိမ့်မည်။ ယင်းကား စိတြနက္ခတ်ဖြစ်ပါသည်။ နေနတ်ကယ်မှ ရာဇာလေ။ အသဝနီ၊ ကြယ်နှင့်ညီလို့၊ စန္ဒီစိတြ၊ တူယှဉ်ပြိုင်ကြတယ်၊ လအတာကိုတဲ့လေး ဆိုသော တန်ခူးလဘွဲ့ အဲချင်းပါ စိတြနက္ခတ်ဖြစ်ပါသည်။ စိတြဆိုသော သက္ကတစကားလုံးမှာ အထူး ဆန်းကြယ်မှုအနက်ကို ဟောပါသည်။ ရှေးလူကြီးများ အဘယ့်ကြောင့် ဤအမည်ကို ပေးခဲ့ကြသည်ဟု မသိရသော်လည်း ယင်းနက္ခတ်တွင် ဆန်းကြယ်သော သဘာဝရှိပါသည်။ စိတြနက္ခတ်သည် လုံးချင်းကြယ်မဟုတ်ပါ။ နှစ်လုံးတွဲကြယ် ဖြစ်ပါသည်။ ကြယ်

နှစ်လုံးသည် တလုံးနှင့်တလုံး ဝိုင်းကြီးပတ်ပတ်လှည့်၍ လိုက်တမ်းပြေးတမ်း ကစားနေကြပါသည်။ ကြယ်တလုံးက အခြားကြယ်တလုံးကို ဖုံးအုပ်မိသောအခါ နက္ခတ်၏ အလင်းရောင်သည် ပြောင်းလဲသွားပါသည်။ထို့ကြောင့် စိတြနက္ခတ်ကို နေ့ရှည်ရက်များ ကြည့်ရှုလေ့လာလျှင် ထွန်းသည်ကို မြင်ရပါမည်။ ညှိုးသည်ကို မြင်ရပါမည်။ ကြွတ်သည်ကို မြင်ရပါမည်။

ရာသီကြယ်စုဘက်မှ ကြည့်ပြန်သောအခါ ဤစိတြနက္ခတ်သည်ပင် ကန်ရာသီကြယ်စုတွင် ပဓာနကြယ်ပြောင်ကြီး ဖြစ်ပါသည်။ သိပ်ပံရာသီကြယ်ပြောင်ထက် ပို၍လည်း ထွန်းသည်၊ ပို၍လည်း ပူသည်၊ ပို၍လည်းကြီးသည်ဟု ဆိုပါသည်။ ကျွန်ုပ်တို့၏ နေမင်းကြီးမျိုး ၆၀၀ (ခြောက်ရာ)တပြိုင်နက်တောက်ပလျှင် ဖြစ်ပေါ်မည့် တေဇောဓာတ်မျိုးရှိသည်ဟုတွက်ချက်သိရပါသည်။






## ၆မေ

မေလ ၁၅ ရက်နေ့ ညဦး ၈ နာရီခွဲခန့်တွင် ကြယ်ကြည့်ကြဦးစို့။ မြောက်ဘက်ကို ကြည့်ပါ။ ခုနစ်စဥ်ကြယ်ကြီး အားလျှားမှောက်နေသည်ကို တွေ့ရပါမည်။ တောင်ဘက်ကို ကြည့်ပါ။ တံငါ့ကွန်တိုင်ကြယ်မတ်တတ်ရပ်လာသည်ကို တွေ့ရပါမည်။ နောင်တလလောက် ကြာသောအခါ ဤတံငါ့ကွန်တိုင်သည် အနောက်ဘက်သို့ စောင်းငဲ့သွားသည်ကို တွေ့ရပါမည်။ သတိထားကြည့်ပါ။

ခုနစ်စဥ်မှဆက်၍ သွာတိကို ကြည့်ပါ။ စိတြကို ရှာပါ။ ကြယ်ကြည့်ဝါသနာပါသူသည် ကြယ်များကို တလုံးမှထောက်၍ နောက်တလုံးသို့ကူးပြောင်းကာ မှတ်မိနေသည့်တိုင်အောင် မပြတ်မလပ် ကြည့်ရပါသည်။ သို့ဖြစ်လျက်ပင်လည်း မေ့တတ်ပါသေးသည်။

သွာတိမှ အရှေ့မြောက်ဘက် မလှမ်းမကမ်းတွင် ဂရုစိုက်ကြည့်လျှင် ဆိုင်းဝိုင်းထက်ခြမ်းပုံ ကြယ်တစုကို တွေ့ရပါလိမ့်မည်။ ဂငယ်ပုံ၊ ငပုံ၊ ပစောက်ပုံ စသည်ဖြင့် အနေအထားနေရာ အရပ်ကို လိုက်ကာ ခေါ်နိုင်ပါသည်။ ရှေးလူကြီးများကမူကား ဆယ့်လေးလုံးသာ၊ ဝိသာခါ၊ ပမာပတ်ဝိုင်းလို ဟူ၍ ပတ်ဝိုင်းနှင့်တူသည်ဟု ဆိုကြပါသည်။ အရေအတွက်ကို လေး လုံး၊ ၁၂ လုံးဟူ၍လည်း မိမိတို့ အယူအလျောက် ပြောကြပါသေးသည်။ ပန်းကုံးနှင့်တူသည်၊ စကောဝန်းနှင့်တူသည်၊ တုရိုဏ်တိုင်နှင့်တူသည်၊ ထွင်းဝန်းနှင့်တူသည်၊ ကျဲဦးခေါင်း

နှင့်တူသည်ဟူ၍လည်း ပြောကြပါသည်။ နက္ခတ်ပုံများတွင် ပုံအမျိုးမျိုးရေးထားကြသည်ကို တွေ့ရပါသည်။ မည်သို့ပင်ဖြစ်စေ ယခု ကျွန်ုပ်တို့မြင်နေကြရသော ဆိုင်းဝိုင်းထက်ခြမ်းပုံ ကြယ်စုကိုပင် သူတို့ပြောနေကြခြင်း ဖြစ်ပါသည်။ အမည်နာမအားဖြင့် ဤကြယ်စုသည် ဝိသာခါနက္ခတ် ဖြစ်ပါသည်။

ဝိသာခါ နက္ခတ်ကို ဥရောပတိုက်သားတို့က ဥတ္တရသရဖူဟုခေါ်ကြပါသည်။ ဤအမည်၏ အဘ္ဘူပ္ပတ္တိနှင့် ပတ်သက်၍ ရှေးဟောင်း ဒဏ္ဍာရီတခုကိုလည်း ဤသို့ပြောကြပါသည်။

ရှေးအခါက မြေထဲပင်လယ်တွင်းရှိ ခရိတ်ကျွန်းကို ဘုန်းကြီးသော မင်းတပါး အုပ်စိုးသည်။ ထိုမင်းသည် လူတပိုင်း နွားတပိုင်း သတ္တဝါကြီး တကောင်ကို ဝက်ပါခြံကြီးထဲတွင် မွေးထားသည်။ ထိုသတ္တဝါအား နှစ်စဉ်နှစ်တိုင်း လုလင်ပျို ခုနစ်ယောက်နှင့် လုံမပျို ခုနစ်ယောက်တို့ကို ဆက်သရသည်။ တခုသော နှစ်တွင် သီးသျှုးအမည်ရှိသော ဂရိစ်မင်းသား တပါးက ထိုသတ္တဝါ၏ရန်ကို နှိမ်နင်းလိုသော ဆန္ဒဖြင့် လိုက်ပါ အဆက်အသခံမည်ဟု မိမိကိုယ်ကို ပေးအပ်သည်။လုလင်ပျို လုံမပျိုတို့ဝက်ပါခြံသို့ ရှေးရှုသွားကြသောအခါ ခရိတ်မင်း၏ သမီးတော် အယ်ရီအက်ဒနီသည် မင်းသား သီးသျှုးကိုမြင်၍ မေတ္တာသက်ဝင်လာသဖြင့် မင်းသားအား သန်လျက်တလက်နှင့် ချည်ခင်တခင် ပေးလိုက်သည်။ မင်းသားသည် ဝက်ပါခြံကိုဝင်လျှင် ချည်ခင်ကိုဖြေ၍ ချည်မျှင်ကို လမ်းတလျှောက်လုံး အမှတ်တရ ကြိုးတန်းချခဲ့သည်။ သတ္တဝါကြီးနှင့် တွေ့သောအခါ မင်းသမီးပေးလိုက်သော သန်လျက်ဖြင့် နှိမ်နင်းသည်။ ပြီးလျှင် လုလင်ပျို လုံမပျိုများနှင့်အတူ ချည်မျှင်ကြိုးတန်းနောက်ကိုလိုက်၍ ထွက်ခဲ့ရာ အပြင်လောက လွတ်မြောက်ရာသို့ ရောက်လေသည်။ ထိုအခါ မင်းသား သီးသျှုးသည် မင်းသမီး အယ်ရီအက်ဒနီကို သင်္ဘောတွင်တင်၍ ဂရိစ်ပြည်သို့ ပြန်ခဲ့သည်။ သို့သော်လည်း လမ်းခရီး ကျွန်းတခုတွင် စခန်းချခိုက် မင်းသားသည် မင်းသမီးကို စွန့်ပစ်ထားခဲ့၍ မိမိတိုင်းပြည်သို့ ထွက်ပြေးလေသည်။ မင်းသမီးလည်း ပူဆွေးဒုက္ခရောက်၍ ကျန်ရစ်ခဲ့သည်။ ထိုအခါ ဗဲကတ်နတ်သားသည် သနားသဖြင့် မင်းသမီးကို မိမိ၏ကြင်ရာတော်အဖြစ် သိမ်းယူကာ ရတနာသရဖူဆင်ပေးလေသည်။ မင်းသမီး ကွယ်လွန်သောအခါ နတ်သားသည် မင်းသမီး၏ သရဖူကို ကောင်းကင်တွင်ထားသဖြင့် ဥတ္တရသရဖူကြယ်စုဖြစ်သွားလေသည် ဟူသတတ်။

ဤဒဏ္ဍာရီမှဆက်၍ မျက်မှောက်ခေတ် နက္ခတ်သိပ္ပံဆိုင်ရာ အချက်အလက် အနည်းငယ်ကို ပြောပြလိုပါသည်။ ဥတ္တရသရဖူ (ဝိသာခါ) ကြယ်ကို သိုးဆောင်း နက္ခတ်ပုံများတွင် ခုနစ်လုံးပြတတ်ကြပါသည်။တဘက်မှ ရေလျှင် ငါးလုံးမြောက် အခြားတဘက်မှရေလျှင် သုံးလုံးမြောက် ကြယ်ပြောင်ကြီးကို သိုးဆောင်းနက္ခတ်ကျမ်းများက ကြယ်ပတ္တမြားဟု



ခေါ်ကြပါသည်။ ကျွန်ုပ်တို့က ဝိသာခါကြယ်ပြောင်ဟု ခေါ်ကြပါစို့။ ဤကြယ်ပြောင်သည် စင်စစ်မှာ တလုံးတည်းမဟုတ်ပါ။ နှစ်လုံးတွဲ ဖြစ်ပါသည်။ အချင်းချင်းဝိုင်းကြီး ပတ်ပတ် လှည့်ရာတွင် တလုံးကို တလုံးက ဖုံးကွယ်၍ မကြာခဏ ကြတ်တတ်ပါသည်။ သတိထား လေ့လာသင့်သော ကြယ်တလုံး ဖြစ်ပါသည်။

ကြယ်လောကတွင် နဝကြယ်ခေါ်သောကြယ်တမျိုး ရှိပါသေးသည်။ နဝကြယ်ဆိုသည်မှာ ကြယ်အသစ်ဟု ဆိုလိုပါသည်။ တကယ်အသစ်ဖြစ်သောကြောင့်နဝကြယ်ဟု ခေါ်ခြင်း မဟုတ်ပါ။ အညတရ ကြယ်တလုံးသည် ရုတ်တရက် အလင်းရောင် တိုးတက်တောက်စားကာ ထင်ရှားလာရာတွင် လူတို့က ကြယ်သစ်တလုံး တိုးလာသည် ထင်မှတ်သဖြင့် နဝကြယ်ဟု ခေါ်လိုက်ခြင်း ဖြစ်ပါသည်။ ၁၉၄၆ ခုနှစ် အခါက ဥတ္တရသရဖူ ကြယ်စုထဲတွင် အမည်မထင်ရှားသော ကြယ်တလုံးသည် ရုတ်တရက်ပေါက်ကွဲ တောက်စားသည်ကို နက္ခတ်ဆရာများ သတိပြုလေ့လာခဲ့ကြပါသည်။ ၁၈၆၆ ခုနှစ်တုန်းကလည်း ဤကြယ်ငယ် ပေါက်ကွဲ တောက်စားဖူးသည်ဟု မှတ်တမ်းများ ရှိကြပါသည်။ မှတ်တမ်းများကို စစ်ဆေးတွက်ချက်ကြည့်သောအခါ ဤနဝကြယ်သည် အနှစ် ၈၀ (ရှစ်ဆယ်) တွင် တကြိမ် ပေါက်ကွဲတောက်စားလေ့ရှိသည်ဟု ပညာရှင်များ ယုံမှတ်ကြပါသည်။ စောင့်မျှော်လေ့လာ သင့်ကြပါသည်။




## ဇွန်

ဇွန်လ ၁၅ ရက်နေ့ ညဉ့် ၈ နာရီခွဲခန့်တွင် ကြယ်ကြည့်ကြဦးစို့။ သွာတိနက္ခတ်ကို ဦးခေါင်းပေါ် တည့်တည့်လောက်တွင် မြင်ရပါလိမ့်မည်။ လူကလေး လုံမကလေးတို့ ကြည့်ခဲ့ဖူးကြပြီဖြစ်သော ကရကဋ်၊ သိဟ်၊ ကန် ရာသီကြယ်စုများကို မြင်နိုင်ပါသည်။ ကရကဋ်သည် အနောက်မြောက်ထဲတွင် ဝင်လုဝင်ခင်ဖြစ်သည်။ သူ့အထက်တွင် သိဟ်ရာသီ ခြင်္သေ့ရုပ်ကြီး ဦးခေါင်းစိုက်နေပြီ။ သူ့အထက်တွင် စိတြနက္ခတ် အပါအဝင်ဖြစ်သော ကန်ရာသီကြယ်စုမှာ မွန်းယိမ်းခါစ ဖြစ်နေသည်။ ယင်းတို့မှဆက်၍ အရှေ့တောင်ဘက်ကိုကြည့်လျှင် တူရာသီနှင့် ဗြိစ္ဆာရာသီ ကြယ်စုများကို မြင်ရပါလိမ့်မည်။

ဇွန်လတွင် ထူးခြားချက်တရပ် ရှိပါသည်။ ဇွန်လ ၂၂ ရက်နေ့တွင် အီကွေတာမြောက်ဘက် အဝေးဆုံးနေရာဖြစ်သည့် ဥတ္တရာယဉ်စွန်းသို့ နေမင်းရောက်မည်။ မြန်မာနိုင်ငံ မြေပုံကိုကြည့်လျှင် ဥတ္တရာယဉ်စွန်းကြိုးသည် ရွှေဘိုခရိုင် ပင်းသာမြို့ အထက်ဆီတွင် ဖြတ်သွားသည်ကို တွေ့ရပါလိမ့်မည်။ ထိုနေ့တွင် နေရောင်သည် ထိုမြို့ပေါ်တွင် မစောင်းမရွဲ့ တည့်တည့်ကျရန် ရှိပါသည်။ မြောက်ဘက် ကမ္ဘာလုံးခြမ်းတွင် နေ့တာအရှည်ဆုံး ဖြစ်မည်။ နေသည်




အရှေ့မြောက်ယွန်းယွန်းမှ ထွက်၍ အနောက်မြောက်ယွန်းယွန်းတွင် ဝင်မည်။ သတိမူရပါသည်။

ယခု ကြယ်ကြည့်ကြဦးစို့။ အရှေ့တောင် ကောင်းကင် နိမ့်နိမ့်ဆီတွင် ငါးများချိတ်နှင့်တူသော ကြယ်စုကို မြင်ရပါလိမ့်မည်။ ရှေးလူကြီးတို့ကား ငါးများချိတ်နှင့် တူသည်ဟု မမြင်။ အမြီးထောင်ကာ လက်မကြီးများကို ချီမထားသော ကင်းမြီးကောက်ကြီးနှင့် တူသည်ဟု မြင်ကြပါသည်။ ထို့ကြောင့် ဤကြယ်စုကို ကင်းမြီးကောက်၊ ကင်းပုစွန်၊ ကင်းမလက်မည်းဟု အနက်ထွက်သော ဗြိစ္ဆာရာသီဟု ကင်ပွန်းတပ်ခဲ့ကြပါသည်။ ရှေးမြန်မာတို့က ယင်းကိုပင် နဂါးနှင့်တူသည်ဟုမှတ်ကာ ကြယ်နဂါးဟု ခေါ်ဝေါ် ပုံရေးကြသည်ကို တွေ့ရပြန်ပါသေးသည်။

ဗြိစ္ဆာရာသီ ကြယ်စုတွင် နက္ခတ်သုံးလုံး ပါဝင်ကြပါသည်။ ရုပ်ပုံကို ကြည့်လျှင် ရှင်းပါလိမ့်မည်။ (၁) အနုရာဓနက္ခတ် (၂) ဇေဋ္ဌနက္ခတ် (၃) မူလနက္ခတ်တို့ ဖြစ်ကြပါသည်။ နက္ခတ်သံပေါက်ဆရာက ဆယ့်ငါးလုံးရ၊ နုရာဓ၊ နဂါ့လည်ဆစ်လို့။ ငါးလုံးမှန်လှ၊ ကြယ်ဇေဋ္ဌ၊ နဂါ့ချက်ခေါ်ဆို။ လေးလုံးမှန်လှ၊ ကြယ်မူလ၊ နဂါ့မြီးဖျားဆို ဟူ၍ ရေးဖွဲ့ခဲ့ပါသည်။

အနုရာဓနက္ခတ်တွင် ပါဝင်သော ကြယ်ပြောင်နီနီကြီးကို သတိပြုပါ။ ဤအနုရာဓကြယ်ပြောင်၏ အချင်းသည် နေမင်းအချင်း၏ အဆပေါင်း ၃၉၀ (သုံးရာ့ကိုးဆယ်)ရှိသည်ဟု ဆိုပါသည်။ ဤမြေကမ္ဘာနှင့် အလင်းနှစ်ပေါင်း ၂၅၀ (နှစ်ရာ့ငါးဆယ်) ဝေးကွာ၍ အစိမ်းရောင် အဖော်ကြယ်တလုံးနှင့် တွဲနေသည်ဟု ဆိုပါသည်။ ဤကြယ်ပြောင်အနီးတဝိုက်တွင် ကြယ်ပြွတ်ကြယ်တွဲအများရှိကြသည်ကို သတိထားရှာဖွေကြည့်ကြရသည်။

အနုရာဓ နက္ခတ်နားတွင် ရုပ်ပုံတွင် ပြထားသကဲ့သို့ ကြယ်လေးလုံး အစုရှိပါသည်။ ယင်းကို ရာသီအားဖြင့် တူရာသီ ကြယ်စုဟု ခေါ်ပါသည်။ အိန္ဒိယတိုင်းသားများက ယင်းကိုပင် ဝိသာခါ နက္ခတ်ဟု စွဲမှတ်ခေါ်ဝေါ်လိုကြပါသည်။ မြန်မာတို့ကား အထက်က ဆိုခဲ့သည့်အတိုင်း ဥတ္တရာသရဖူကိုသာ ဝိသာခါ နက္ခတ်ဟု အသိအမှတ်ပြုကြပါသည်။ ဝါဒကွဲဟု ယူမှတ်ရပါမည်။




# ဇူလိုင်

ဇူလိုင်လ ၁၅ ရက်နေ့ ညဥ့် ၈ နာရီခွဲခန့်တွင် ကြယ်ကြည့်ကြဦးစို့။ ဦးခေါင်းပေါ် လောက်တွင် ဝိသာခါနက္ခတ် (ဥတ္တရသရဖူ) မွန်းလွဲသွားပြီ။ တောင်ဘက်တွင် တူရာသီကြယ်စု မွန်းလွဲသွားပြီ။ ကင်းမြီးကောက်၏ လက်မကြီးများ မွန်းမတ်နေပြီ။

ကင်းမြီးကောက်၏ အမြီးကောက်ကောက် အရှေ့ဘက်တွင် ဓနုရာသီ ကြယ်စုကို မြင်ရပါလိမ့်မည်။ ဤကြယ်စု၏ ပုံသဏ္ဍာန်ကို မြားတပ်ထားသော လေးနှင့် တူသည်ဟု ရှေးလူကြီးများ မြင်သဖြင့် ဓနု ဟု အမည်ပေးထားကြခြင်း ဖြစ်ပါသည်။ ယခုအခါတွင်ကား မှတ်ရလွယ်ကူအောင် ဤကြယ်စုသည် ကာဖီအိုးနှင့် တူသည်ဟု ဆိုကြပါသည်။

ဓနုရာသီသည် နဂါးငွေ့လမ်းကြောင်းထဲတွင် တည်ရှိပါသည်။ နဂါးငွေ့ လမ်းကြောင်းသည် ဤနေရာတွင် အလင်းဆုံး ဖြစ်ပါသည်။ ဤအလင်းထဲတွင် ကြယ်ပြွတ်ကြယ်တွဲ အများ ရှိကြပါသည်။ အာငွေ့ကွက် အများရှိကြပါသည်။ မှန်ပြောင်းဖြင့် ရှာဖွေကြည့်လျှင် စိတ်ဝင်စားဖွယ် ပုံသဏ္ဍာန်အမျိုးမျိုးကို တွေ့ရပါလိမ့်မည်။

ရုပ်ပုံတွင် ပြထားသည့်အတိုင်း ဓနုထဲတွင် ပြုပ္ပါသန်နှင့် ဥတ္တရာသန် နက္ခတ်နှစ်လုံး



ပါဝင်ကြပါသည်။ ထို့ကြောင့် ပြုပ္ပါသန်၊ ဥတ္တရာသန်၊ လေးလုံးမှန်၊ လှမ်းဟန်ဆင်မလို ဟု သံပေါက်ရှိပါသည်။ ဆင်၏ ခြေရာလေးခုနှင့် တူသည်ဟု ဆိုလိုပါသည်။

ဓနုရာသီ၏ မြောက်ဘက်တွင် သုံးလုံးတန်းနေသော သရဝဏ်နက္ခတ်ကို ရှာကြည့်ပါ။ သရဝဏ်ဝယ်၊ စိန်ချွန်စဉ်းသွား၊ စိုင်ပစ်မြား ဟူ၍ ရှင်ဥတ္တမကျော် ဆရာတော်သည် တောလားကြီးလင်္ကာတွင် ရေးဖွဲ့ခဲ့ပါသည်။ စိုင်သတ္တဝါကိုပစ်သည့် မြားလက်နက်ပုံသဏ္ဍာန်ရှိသော သရဝဏ်နက္ခတ်ဟု ဆိုလိုပါသည်။တနည်းအားဖြင့် ဆိုရသော် သရဝဏ်နက္ခတ်သည် မြားလက်နက်ပုံသဏ္ဍာန်ရှိ၍ စိုင်သတ္တဝါကို ပစ်ရန် ချိန်ရွယ်ထားသည်ဟု ဆိုလိုပါသည်။ (ရုပ်ပုံကိုကြည့်ပါ။) မြန်မာနက္ခတ်များတွင် အတွင်းတာရာ၊ အပြင်တာရာ၊ အလွတ်တာရာ ဟူ၍ တာရာအများကို တွေ့ရပါသည်။ကောင်းကင်တွင် မြင်ရသော ကြယ်တာရာ အားလုံး လောက်ကိုပင် အစုအစုဖွဲ့၍ ကြေးတိုင်စိုက် ပုံစံဆွဲပြီး ထားပါသည်။အလွတ်တာရာတို့တွင် ပါဠိလို ရောဟိတအမည်ရှိသော တာရာတလုံး ပါဝင်ပါသည်။ ရောဟိတသဒ္ဒါ စိုင်သတ္တဝါကို ဟောပါသည်။ ထို့ကြောင့် မြန်မာများက ရောဟိတတာရာကို စိုင်ဟုဘာသာပြန်ဆိုခေါ်ဝေါ်ကြပါသည်။ အရောင်တောက်သော ကြယ်ပြောင်ကြီးဖြစ်သဖြင့် စိုင်ရှူးဟုလည်းခေါ်ကြပါသေးသည်။ စိုင်တာရာ၏မြောက်ဘက်တွင် တင်းတာရာကို တွေ့ရပါလိမ့်မည်။ အရေအတွက် လေးလုံးရှိပါသည်။ အလွတ်တာရာ တလုံးဖြစ်ပါသည်။ ပါဠိလို မာနိကတာရာဟု ခေါ်ပါသည်။ မာနိကဆိုသည်မှာ ဆန်စပါး ခြင်တွယ်ရသော တင်းတောင်း ဖြစ်ပါသည်။ ဤတွင်လည်း မြန်မာတို့က ပါဠိစကားကို မြန်မာပြန်၍ မှည့်ခေါ်ထားကြခြင်း ဖြစ်ပါသည်။ ရှေးအခါက ဆရာများသည် တပည့်များကို နက္ခတ်ပြသောအခါ မှတ်ရလွယ်အောင် ပြောရိုးထုံးစံတခုရှိသည်ကို ကျွန်ုပ်တို့ ကြားနာမှတ်သားဖူးပါသည်။ စိုင်သတ္တဝါက တင်းတောင်းတွင်းရှိ စပါးကို စားမည်ပြု၍ မြားနှင့်ပစ်သည်ဟု ဆရာကပြောကာ ကောင်းကင်ကြယ်များကို လက်ညှိုးထိုးပြလေ့ရှိသည်ဟု မှတ်သားဖူးပါသည်။ (ရုပ်ပုံကိုကြည့်ပါ။) ဤမျှ ပြောပြပြီးပြီဖြစ်သဖြင့် သရဝဏ်ဝယ်၊ စိန်ချွန်စဉ်းသွား၊ စိုင်ပစ်မြားဆိုသော တောလားကြီးစကားကို သဘောပေါက်ကောင်းပါပြီ။ သရဝဏ် နက္ခတ်သုံးလုံးသည် စိုင်တာရာနှင့် တင်းတာရာတို့ကို လက်ညှိုးညွှန်လျက်ရှိပါသည်။

ရှေးဟောင်း အိန္ဒိယနက္ခတ်ကျမ်းများတွင် နက္ခတ် အရေအတွက်ကို ၂၇ လုံးဟူ၍လည်းကောင်း၊ ၂၈ လုံးဟူ၍လည်းကောင်း ဆိုကြပါသည်။ ၂၈ လုံးရေတွက်သောအခါ အဘိဇိတ်နက္ခတ်ကိုထည့်သွင်းကြပါသည်။ နောင်အခါ အဘိဇိတ်နက္ခတ်မှာ ပေါ်ကိုးပါး၊ငုပ်ကိုးပါးတွင်ပါ၍ ကွယ်ပျောက်သွားသဖြင့် နက္ခတ် ၂၇ လုံးသာ ကျန်သည်ဟု တွေ့ရဖူးပါသည်။ သို့သော်လည်း ခိုင်မာသော အိန္ဒိယနက္ခတ်ကျမ်းတို့တွင် ဤစိုင်ရှူးကြယ် (ရောဟိတတာရာ)ကိုပင်

အဘိဇိတ် နက္ခတ်ဖြစ်သည်ဟု သတ်မှတ်ဖော်ပြကြပါသည်။ တဖန် ဤ စိုင်ရှူးကြယ် အပါအဝင် ကြယ်စုကို တာရာကြီးကိုးလုံးတွင် ဆင်တာရာဖြစ်သည်ဟု တောင်သမန်ကျောက်တော်ကြီးဘုရားနက္ခတ်ပုံများတွင် ရေးဆွဲ ဖော်ပြထားပါသည်။ ထို့ကြောင့် ရောဟိတခေါ် စိုင်ရှူးကြယ်သည် အလွှတ်တာရာ တလုံးလည်း ဖြစ်သည်။ နက္ခတ်တလုံးလည်း ဖြစ်သည်။ ဆင်တာရာတွင်လည်း ပါဝင်သည်ဟု မှတ်သားရပါသည်။

* * *

လူကလေး လုံမကလေးတို့သည် မိုးပေါ်မှာ ကြယ်တလုံး ကဗျာကို ဆို၍ တနှစ်တွင် ၁၂ လ၊ တလတွင် တရက်၊ တရက်တွင် တနာရီ အချိန်ပေးကာ ကောင်းကင်ကြယ်များကို ကြည့်ခဲ့ကြရာ အလုံးစုံ မဟုတ်သော်လည်း အတော်များများကို သိရမြင်ရကြပါပြီ။ ယခုအခါ အောက်ပါ ဦးကြင်ဥ၏ သန်းခေါင်ယံ ညည်းချင်းကဗျာကို ဖတ်၍ ကြယ်များကို ရှာဖွေ စစ်ဆေး ကြည့်ကြပါဘိဟု တိုက်တွန်းလိုပါကြောင်း။

တင်းတာရာ ကြယ်နဂါးနှင့်
ပုဏ္ဏားတဲ့ တသွယ်။
လိပ်ခေါင်း ဟန်ချီလို့
ရောဟိနီ တဖုံတင့်
လွမ်းစချင့်ဖွယ်။
ဝိသာခါ ပုဏ္ဏဖုတ်နှင့်
ဗျိုင်းရုပ်ကယ် ဟသ်ာနယ်
တာရာငယ် တပြေး။
ဗာဟီရ လမ်းစဉ်သို့
တူထွက်ဝင် ကိုယ်စီစံကြတယ်
ငါနှန်းရန် တဖုံကြုံလို့
လွမ်းဟုန်နှင့်ဆွေး။ ။



## မြန်မာ အင်္ဂလိပ် ဝေါဟာရစာရင်း

| | |
|---|---|
| ကရကဋ်ရာသီ (ပုစွန်လုံး) | Cancer (Crab) |
| ကန်ရာသီ (ကညာပျို) | Virgo (Virgin) |
| ကုံရာသီ (ရေအိုးထမ်းယောကျ်ား) | Aquarius (Water Bearer) |
| ကြေးမုံတာရာ | Ursa Minor (Little Bear) |
| ကြယ်စု | Constellation |
| ကြယ်ပြောင် | Bright star |
| ကြယ်ပြွတ် ကြယ်တွဲ | Star cluster |
| ကြတ္တိကာ နက္ခတ် (ဖျောက်ဆိပ်) | Pleiades (Seven Stars) |
| ခုနစ်စဉ်ကြယ် (ကြယ်မိကျောင်း) | Plough in Ursa Major (Great Bear) |
| စိုင်၊ စိုင်ရှူး | Vega in Lyra |
| စိတြနက္ခတ် | Spica in Virgo |
| ဆင်တာရာ | Lyra (Lyre) |
| ဆံကျင်တာရာ | Coma Berenices (Berenice's Hair) |
| တူရာသီ (ချိန်ခွင်) | Libra (Balance) |
| တင်းတာရာ | Head of Draco (Dragon) |
| တံငါ့ကွန်တိုင် | Crux (Southern Cross) |
| ဓနုရာသီ (လေးသမား) | Sagittarius (Archer) |
| ဓူဝံကြယ် | Polaris (Pole Star) |
| နဂါးငွေ့ | Milky Way |
| နဝကြယ် | Nova |
| နေသွားခရီးဝန်း | Ecliptic |
| နှစ်လုံးတွဲကြယ် | Binary stars (double stars) |
| ဖုသျှနက္ခတ် | Praesepe in Cancer |
| ဖျောက်ဆိပ်ကြယ် (ကြတ္တိကာ) | Pleiades (Seven Stars) |
| ဗျိုင်းတာရာ | Cassiopeia |
| ဗြိစ္ဆာရာသီ (ကင်းမြီးကောက်) | Scorpius (Scorpion) |
| ပြိဿ | Taurus (Bull) |

| | |
|---|---|
| ဘဒြပိုက်စတုဂံ | Great Square of Pegasus |
| မကာရရာသီ (မကန်း) | Capricornus (Sea Goat) |
| မာနိကတာရာ (တင်းတာရာ) | Head of Draco (Dragon) |
| မိဂသီနက္ခတ် | A group of three stars in Orion |
| မေထုန်ရာသီ (ယောကျ်ား မိန်းမ) | Gemini (Twins) |
| မောင်ရှင်ဆိုင်းထမ်း | Belt of Orion |
| မိန်ရာသီ (ငါးကြင်းပွတ်) | Pisces (Fishes) |
| မိဿရာသီ (ဆိတ်) | Aries (Ram) |
| ရေမှုတ်ကမ်း | Sword of Orion |
| ရောဟိနီနက္ခတ် | Hyades in Taurus |
| ရောဟိနီကြယ်ပြောင် | Aldebaran in Hyades |
| လိပ်ကြယ် | Orion (Hunter) |
| လိပ်ခေါင်း (မိဂသီနက္ခတ်) | A group of three stars in Orion |
| ဝိသာခါနက္ခတ် | Corona Borealis (Northern Crown) |
| သရဝဏ်နက္ခတ် | Altair and two more stars in Aquila |
| သင်္ဘောချက် | Procyon |
| သင်္ဘောပဲ့ | Sirius (Dog Star) |
| သင်္ဘောဦး | Pollux in Gemini |
| သိဟ်ရာသီ (ခြင်္သေ့) | Leo (Lion) |
| သွာတိနက္ခတ် | Arcturus in Bootes |
| ဟသ်ာတာရာ | Auriga (Waggoner) |
| ဟသ်ာစလုတ် | Capella in Auriga |
| ဟဿတနက္ခတ် | Corvus (Crow) |
| အဒြနက္ခတ် | Betelgeuse in Orion |
| အနုရာဓကြယ်ပြောင် | Antares in Scorpius |
| အဘိဇိတ်နက္ခတ် (စိုင်ရှူး) | Vega in Lyra |
| အလင်းနှစ် | Light year |
| အဿဝနီနက္ခတ် | A group of stars in Aries |
| အာဇွေကွက် | Nebula |



## စာ ကြည့် တိုက် တွင် သုံး ရန်


တိုက်ပိုင်အမှတ်

၅၂၀ မင်းသုဝဏ်
မင်း မိုးပေါ်မှာ ကြယ်တလုံး၊ ဒုတိယအကြိမ် ဖြည့်စွက်ပုံနှိပ်ခြင်း။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၈၁။

၄၃ စာမျက်နှာ၊ ရုပ်ပုံများ၊ ပြည်သူ့လက်စွဲစာစဉ်။

ကောင်းကင်ရှိ ကြယ်နက္ခတ်များ၏ တည်နေရာ၊ စုဝေးတည်ရှိပုံတို့ကို လေ့လာနိုင်ရန် နှစ်လုံးပေါက် နက္ခတ်ကြည့်နည်း ကို မြန်မာ နက္ခတ်အမည်များဖြင့်နိဒါန်းပျိုးထားသည်။အင်္ဂလိပ် မြန်မာ နက္ခတ်အမည်စာရင်းနှင့် အီကွေတာတဝိုက် ကောင်းကင် မြေပုံတို့ကို ဖြည့်စွက်ထားသည်။

အဖိုး ၂ကျပ် ၇၅ ပြား